# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# (၁၃)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၈ ရက်**

**(၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်)**

**(ဗုဒ္ဓဟူးနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၀ ဦး ရှိတဲ့အနက် ၃၆၀ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၅.၇၁ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့အစီအစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၁-၁၀-၂၀၁၄ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့အစည်းအဝေးမှာ ခွင့်ပန်ကြားတဲ့သူများစာရင်းကို ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးအနေဖြင့် တင်ပြပါ့မယ်။ ယနေ့ ခွင့်ပန်ကြားသူများမှာ-

(၁) အင်ဂျန်းယန်မဲဆန္ဒနယ်မှ ဒေါ်ဒွဲဘူ ခွင့် ၃ ရက်၊

(၂) ဇီးကုန်းမဲဆန္ဒနယ်မှ ဦးခင်မောင်မြင့် ခွင့် ၃ ရက်၊

(၃) ပေါင်းတည်မဲဆန္ဒနယ်မှ ဦးအောင်မြင့်သိန်း ခွင့် ၃ ရက်၊

(၄) ပြည်မဲဆန္ဒနယ်မှ ဦးဝင်းမြင့် ခွင့် ၃ ရက်၊

(၅) ငဖဲမဲဆန္ဒနယ်မှ ဦးမြင့်ဋ္ဌေး ခွင့် ၃ ရက်၊

(၆) တာမွေမဲဆန္ဒနယ်မှ ဒေါ်လဲ့လဲ့ဝင်းဆွေ ခွင့် ၃ ရက်၊

(၇) ကွမ်းလုံမဲဆန္ဒနယ်မှ ဦးဟော်ရှောက်ချမ်း ခွင့် ၃ ရက်၊

(၈) အောင်လံမဲဆန္ဒနယ်မှ ဦးကိုကိုထွန်း ခွင့် ၃ ရက်၊

(၉) လပွတ္တာမဲဆန္ဒနယ်မှ ဦးဇော်ထွန်း ခွင့် ၃ ရက်၊

(၁၀) ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ဦးစီခန်ရမ် ခွင့် ၁ ရက်၊

(၁၁) ရပ်စောက်မဲဆန္ဒနယ်မှ ဦးခင်မောင်မြင့် ခွင့် ၃ ရက်၊

(၁၂) နမ့်စန်မဲဆန္ဒနယ်မှ ဦးဌေးလွင်(ခ)ဦးဒီလုံး ခွင့် ၃ ရက်၊

(၁၃) နန်းယွန်းမဲဆန္ဒနယ်မှ ဦးဇင်းဝမ် ခွင့် ၁ ရက်၊

(၁၄) ခန္တီးမဲဆန္ဒနယ်မှ ဦးလှထွန်း ခွင့် ၁ ရက်၊

(၁၅) မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း ခွင့် ၁ ရက်၊

(၁၆) ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန် ခွင့် ၁ ရက်၊

(၁၇) ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးထွန်းအောင်ကျော် ခွင့် ၁ ရက်၊

(၁၈) ကလောမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်သန်းငွေ ခွင့် ၃ ရက်၊

(၁၉) ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ ခွင့် ၁ ရက်၊

(၂၀) ဝိုင်းမော်မဲဆန္ဒနယ်မှ ဦးယိန်းဘောမ် ခွင့် ၁ ရက်၊

(၂၁) ဂန့်ဂေါမဲဆန္ဒနယ်မှ ဦးအောင်မြင့် ခွင့် ၁ ရက်၊

(၂၂) မင်းလှမဲဆန္ဒနယ်မှ ဦးမောင်တိုး ခွင့် ၁ ရက်၊

(၂၃) ရေတာရှည်မဲဆန္ဒနယ်မှ ဦးမျိုးသန့် ခွင့် ၂ ရက်၊

(၂၄) မိုးမောက်မဲဆန္ဒနယ်မှ ဦးဇော်ထွန်း ခွင့် ၃ ရက်၊

(၂၅) အရာတော်မဲဆန္ဒနယ်မှ ဦးကျော်မြင့် ခွင့် ၃ ရက်နှင့်

(၂၆) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်တောက်ထွန်း ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယနေ့ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျာ။

**ဥက္ကဋ္ဌ။** ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၁ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၃၅ ဦး၊ ယနေ့ခွင့်ပြုထားသူ ၂၆ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူစုစုပေါင်း ၆၁ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက် ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**[** သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။**]**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**ဝန်းသိုမြို့ စော်ဘွားကန်ကို ပြုပြင်ပေးရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစွာ ဝန်းသိုမဲဆန္ဒနယ်မှ ဦးစိုးပိုင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုးပိုင်(ဝန်းသိုမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းတို့နှင့် ပြည့်စုံကြပါစေကြောင်း ဦးစွာဆုမွန်ကောင်းတောင်းရင်း ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဝန်းသိုမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးပိုင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ တင်ပြမေးမြန်းလိုတာကတော့ ကျွန်တော်တို့ဝန်းသိုမြို့မှာ ဝန်းသို စော်ဘွားကြီး ဦးအောင်မြတ်၏ဖခင် ဦးရွှေဒါး လက်ထက်ကတည်းက ဆောင်ရွက်ပေးထားခဲ့တဲ့ စော်ဘွားကန်ဆိုတာရှိပါတယ်။ စော်ဘွားကန်ဟာ ယခင်က စိုက်ပျိုးရေးအတွက်သာ အသုံးပြုခဲ့ပေ

မယ့် ယခုအခါမှာ မြို့ရွာရေပေးရေးအတွက်ပါ အသုံးပြုလျက်ရှိပါတယ်။ ကန်တော်ကြီးဟာ နှစ်ကာလကြာလာတာနှင့်အမျှ တိမ်ကောလာတဲ့အတွက် ရေသိုလှောင်နိုင်မှုနည်းသွားပြီးတော့ နွေရာသီကာလမှာဆိုရင် သောက်ရေ၊ သုံးရေပေးဝေမှုကိုပါ အခက်အခဲရှိလာခဲ့ပါတယ်။ ဒါကြောင့်မို့လို့ ဝန်းသိုမြို့စော်ဘွားကန်ကို ပြန်ဖော်ပေးရန်၊ ပြုပြင်ပေးရန်အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း လေးစားစွာ တင်ပြမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ညောင်ဦးမြို့ရှိ ကျေးရွာများ ရေလုံလောက်စွာရရှိနိုင်ရန် ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးအောင်ကြိုင်၊ ညောင်ဦးမဲဆန္ဒနယ်က ဆက်လက်မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်ကြိုင်(ညောင်ဦးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဖိတ်ကြားထားသောဧည့်သည်တော်များခင်ဗျား။ ကျန်းမာချမ်းသာစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ ပုဂံ ညောင်ဦးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြိုင် ဖြစ်ပါတယ်။ ကျွန်တော် မေးမယ့်မေးခွန်းကတော့ ၁၉၆၄ ခုနှစ်ခန့်က ဩစတြေးလျနိုင်ငံအကူအညီနှင့် ညောင်ဦးမြို့ နတ်သမီးကမ်းပါးမှ ဧရာဝတီမြစ်ရေကို တင်ပြီးတော့ ၁၇ မိုင်ခန့်ဝေးတဲ့ တောင်ဇင်း၊ မန်ကျည်းစောက်၊ ထနောင်းစု၊ တောင်ရှစ်၊ ဖုန်းတော်၊ နတ်ပုလ္လင် စတဲ့ရွာများ ရွာပေါင်း ၉၀ ကျော်ကို ဧရာဝတီမြစ်ရေကို တုရှင်းတောင်ပေါ်သို့ တွန်းစက်များဖြင့်တွန်းတင်ပြီး ပိုက်ကြီးများဖြင့် အလိုအလျောက် Gravity Flow ဆင်းစေပြီး ရေပေးဝေခဲ့ပါတယ်။ အခုအခါမှာတော့ စက်များက နှစ်ပေါင်း ၅၀ ကြာမြင့်ပြီဖြစ်၍ လုံလောက်အောင်ပေးဝေနိုင်တဲ့အခြေအနေ မရှိတော့ပါ။ ရေတွင်းများတူးလို့ရှိရင်လည်း ပေ ၆၀၀ ကနေ ပေ ၁၀၀၀ အတွင်း တူးရတဲ့အတွက် တွင်းရေမှာ ဒီဇယ်ဆီနှင့်စုပ်၍ တင်နေရသောကြောင့် ကုန်ကျမှုများပြားပါသည်။ ဒီဇယ်ဆီနှင့်ရေ စပ်သုံးနေရသည့်အခြေအနေရှိပါတယ်။ အဲ့ဒီအရပ်များမှ ရေတောင်းလို့ရှိရင် ထန်းရည် ပေးကြပါတယ်။ အဲ့ဒီမှာဆိုလို့ရှိရင် ပိုက်ကြီးများလည်း သွယ်တန်းပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဧရာဝတီမြစ်ရေကို ယခင်ကကဲ့သို့ ကျေးရွာများ ရေလုံလောက်စွာရရှိနိုင်ရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနမှ ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိကို သိလိုသည်နှင့်စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်းကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကိုယ်စားလှယ်နှစ်ဦးရဲ့မေးမြန်းချက်ကို သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန မှပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအောင်သိမ်း(ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၄)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန-၄ မှ ဒုတိယဝန်ကြီး ဦးအောင်သိမ်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဝန်းသိုမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးပိုင် မေးမြန်းတဲ့ မေးခွန်းနဲ့ပတ်သက်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ကိုယ်စား ပြန်လည်ရှင်းလင်းဖြေဆိုသွားမှာ ဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ဝန်းသိုမြို့ စော်ဘွားကန်ကို ပြန်ဖော်ပေးရန်နှင့် ပြုပြင်ပေးရန် အစီအစဉ်ရှိ/မရှိ မေးခွန်းနှင့်ပတ်သက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ဝန်းသိုမြို့နယ်အတွင်း မှာရှိတဲ့ စော်ဘွားကန်ဟာ ကန်ပေါင်အလျား ၄၁၀ ပေ၊ လက်ရှိအမြင့် ၁၀ ပေခန့်နှင့် ကန်ပေါင်အမျိုး အစားမှာ မြေသားရေလှောင်ကန်ဖြစ်ပြီးတော့ မြို့လူထုသောက်သုံးရန်အတွက် ရည်ရွယ်ပြီးတော့ တည်ဆောက်ထားတဲ့ရေလှောင်ကန်ဖြစ်ပါတယ်။ စော်ဘွားကန် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများမှာ ကန်ပေါင်မြှင့်တင်ခြင်း၊ ပေါင်အင်အားဖြည့်ခြင်းနှင့် ကန်အတွင်းမှာ သဲနုန်းများဆယ်ခြင်း၊ ၁၅ ပေ အကျယ် ရေပိုလွှဲအသစ်တပ်ဆင်ခြင်းတို့ ပါဝင်ပါတယ်။ ပြန်လည်ပြုပြင်ပြီးပါက ရေလှောင်ကန်အမြင့် ဟာ ၁၈ ပေရှိမှာဖြစ်ပြီးတော့ ရေသိုလှောင်မှုမှာ ရေဂါလန် သိန်း ၈၀ သိုလှောင်နိုင်မှာဖြစ်ပါတယ်။ ထိုသို့ပြန်လည်ပြုပြင်ပြီးပါက မိုးစပါး ၅၀ ဧကခန့်ပါ ဖြည့်စွက်ရေအဖြစ် အကျိုးပြုပေးဝေနိုင်မှာဖြစ်ပြီး တော့ ပြန်လည်ပြုပြင်ရန် ခန့်မှန်းကုန်ကျငွေမှာ ကျပ် ၃၀၀ သိန်းခန့် ကုန်ကျမှာဖြစ်ပါတယ်။ အဆိုပါ လုပ်ငန်းအတွက်ကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ တိုင်းဒေသကြီးရန်ပုံငွေအပေါ် မူတည်ပြီးတော့ လျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး ကျွန်တော်ကပဲ မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမဲဆန္ဒနယ် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြိုင် မေးမြန်းတဲ့မေးခွန်းနဲ့ပတ်သက်ပြီး မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ကိုယ်စား ပြန်လည်ရှင်းလင်းဖြေဆိုသွားမှာဖြစ်ပါတယ်။ ဧရာဝတီမြစ်ရေကို ယခင်က ကဲ့သို့ ကျေးရွာများ ရေလုံလောက်စွာရရှိနိုင်ရန် ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ မေးခွန်းနှင့် ပတ်သက်ပြီး ၁၉၆၄ ခုနှစ်ခန့်က ဩစတြေးလျနိုင်ငံအကူအညီနဲ့ ညောင်ဦးမြို့နယ် နတ်သမီးကမ်းပါးမှ ဧရာဝတီ

မြစ်ရေကို တုရွင်းတောင်ပေါ်ကို ရေတွန်းစက်များနှင့်တွန်းတင်ပြီး ပိုက်ကြီးများနှင့် အလိုအလျောက် Gravity Flow စီးဆင်းစေပြီးတော့ ရေပေးဝေခဲ့ပါတယ်။ ၁၉၈၇ ခုနှစ်မှာ စက်မှုလယ်ယာဦးစီးဌာန၊ ကျေးလက်ရေရရှိရေးဌာနခွဲမှ ဆောင်ရွက်ခဲ့ပြီး ၁၉၉၅ ခုနှစ်မှာ ရေအရင်းအမြစ်အသုံးချရေးဦးစီး ဌာနကို လွှဲပြောင်းပေးခဲ့ပါတယ်။ တုရွင်းတောင်ပေါ်မှာရှိတဲ့ ရေစုကန်ကို ရေတင်တဲ့စနစ်ဟာ တင်ရတဲ့ အမြင့်ပေများလွန်းခြင်းကြောင့် ရေရောက်ရှိမှုပမာဏ နည်းလွန်းသဖြင့် စမ်းသပ်ခြင်းမျှကိုသာ ပြုလုပ် နိုင်ပြီးတော့ ရေရှည်ဆောင်ရွက်နိုင်ခြင်းမရှိခဲ့ပါ။ တောင်ပေါ်ရေတင်ပြီးတော့ ဖြန့်တဲ့စနစ်မှာ လက်ရှိ သုံးစွဲနေသောကျေးရွာများသို့ စက်ဖြင့်တိုက်ရိုက်မောင်းပို့ပေးတဲ့ Direct Pumping စနစ်ကို ပြောင်းလဲအသုံးပြုခဲ့ပါတယ်။

၂၀၁၁ ခုနှစ်မှာ စည်ပင်သာယာရေးဦးစီးဌာနသို့ လွှဲပြောင်းပေးခဲ့ပြီး ယခုအချိန်မှာ ရေတင်စက် များ ချို့ယွင်းမှုများပြားလာခြင်း၊ နွေရာသီရေကျချိန်မှာ ရေစုပ်ယူတဲ့ပွန် (Intake Tank)ကို ရေမဝင် နိုင်တော့တဲ့အတွက်ကြောင့် ကြားခံပန့်တစ်လုံးနဲ့ မြစ်ရေထဲမှ Intake Tank သို့ ရေဖြည့်ပေးနေရခြင်း၊ ကျေးရွာများသို့ ပေးပို့လာတဲ့ ရေပိုက်လိုင်းများမှာ မြို့ရေပေးရေးအတွက်ပါ ခွဲဝေအသုံးပြုခြင်းတို့ ကြောင့် ကျေးရွာများကို ရေရောက်ရှိမှုနည်းပါးခဲ့ပြီး စက်ရေတွင်းများနှင့် တူးဖော်ပေးဝေခဲ့ပါတယ်။ ညောင်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ လွှဲပြောင်းပေးရန်စီစဉ်လျက်ရှိပြီး မြို့ရေပေးရေးလုပ်ငန်းအချို့ကို ရပ်ဆိုင်းမသွားစေရန် ကြိုတင် ပြင်ဆင်ခြင်းလုပ်ငန်းများဖြစ်တဲ့ သီးခြားပိုက်လိုင်းများ၊ ရေစုကန်များ တည်ဆောက်ခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်လျက်ရှိပါတယ်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနသို့ လွှဲပြောင်းပေးပါက ၅၀၀ KVA ထရန်စဖော်မာတစ်စုံ၊ ၃၁၅ KVA ထရန်စဖော်မာတစ်စုံ၊ ၁၀၀ KVA ထရန်စဖော်မာတစ်စုံ၊ ရေတင်ပန့် (အမြင့် ၁၂၀ မီတာ၊ ၃၀၀၀၀ GPH) ရှစ်စုံ၊ ရေတင်ပန့်(အမြင့် ၁၅ မီတာ၊ ၁၀၀၀၀၀ GPH)တစ်စုံ၊ ရေတင်ပန့်(အမြင့် ၁၀၀ မီတာ၊ ၂၀၀၀၀ GPH)နှစ်စုံ၊ Control Pannel ပြုပြင်ရန် ရှစ်လုံး၊ ၁၀ လက်မပိုက် ၁၂၀၀၀ ပိုက်လိုင်းဆွဲရန်အတွက် ထရန်စဖော်မာများ ပြုပြင်ထိန်းသိမ်းခြင်း ကိုးလုံး၊ ၂၆၈ horse Power Pump (အမြင့် ၆၀ မီတာ၊ ၇၅၀၀၀ GPH)တစ်စုံ စသည့်လုပ်ငန်းများ ဆောင်ရွက် ရန်လိုအပ်မှာဖြစ်ပါ တယ်။ သို့ဖြစ်ပါ၍ ကျေးရွာများ ရေလုံလောက်စွာရရှိရေးအတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ လျာထားဆောင်ရွက်နိုင်ရေးစီစဉ်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ချီဖွေမြို့မှ ရှင်ေါချောင်းထိ ကားလမ်းပိုင်းကို ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးဇုံးတိန့်၊ ချီဖွေမဲဆန္ဒနယ်က မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဇုံးတိန့်(ချီဖွေမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးနဲ့ ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကချင်ပြည်နယ်၊ ချီဖွေမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ကျွန်တော် ဦးဇုံးတိန့်မှ ကချင်ပြည်နယ်အတွင်းရှိတဲ့ ချီဖွေ-ဝိုင်းမော် ကားလမ်းတွင် ချီဖွေမြို့နယ်မှတစ်ဆင့် ဆော့လော်မြို့နယ်နဲ့ နယ်စပ်ပန်ဝါမြို့နယ်တို့ ဆက်သွယ်သွားလာသော အဓိက လမ်းပိုင်းတစ်ခု ဖြစ်ပါတယ်။ ထိုလမ်းသည် ယခင်ဝိုင်းမော်မြို့မှ ချီဖွေမြို့နယ်သို့ နေ့ချင်းပြန်သွားလာနိုင်သောလမ်းလည်း ဖြစ်ခဲ့ပါတယ်။ အစိုးရအဆက်ဆက်မှ ပြုပြင်မှုရှိသော်လည်း ပျက်စီးခြင်းနှင့် ပြုပြင်မှုတွေမမျှတသောကြောင့် ယခုအချိန်တွင် ပိုမိုပျက်စီးလာ၍ သွားလာရန် အလွန်ခက်ခဲလျက်ရှိနေပါတယ်။ ထိုချီဖွေ-ဝိုင်းမော်ကားလမ်းကို ယခုလက်ရှိအခြေအနေတွင် ဝိုင်းမော်မြို့မှ ရှင်ေါကျေးရွာအထိ တံတားပြုပြင်ခြင်း ကတ္တရာနှစ်မိုင်နှင့် ချိုင့်ခွက်များတွင် သဲကျောက်ဖြင့်ပြုပြင်ခြင်း ဆောင်ရွက်ထားတာကို တွေ့ရှိရပါတယ်။ ကျန်ရှိနေတဲ့အပိုင်းဖြစ်တဲ့ ရှင်ေါချောင်းမှ ချီဖွေလမ်းအပိုင်းကို ပြုပြင်ခြင်းလုံးဝမရှိဘဲနဲ့ရှိနေပါတယ်။ ယခင် ချီဖွေမြို့မှ ၂၆ မိုင်ခန့်ကို ဒေသအဖွဲ့အစည်းမှ ခွဲကျောက်များဖြင့် ကျောက်စီခင်းခြင်းဖြင့် ကျောက်ချောလမ်းခင်းထားခဲ့သော်လည်း နောက်ပိုင်းမှာပြန်လည်ထိန်းသိမ်းပြုပြင်ခြင်းမပြုလုပ်၍ ယခုအခါ အဲဒီလမ်းများဟာလည်း လုံးဝပျက်စီးသလောက်ရှိသွားတာကို တွေ့ရှိရပါတယ်။

သို့ဖြစ်ပါ၍ ချီဖွေ-ဝိုင်းမော်ဆက်သွယ်သောကားလမ်းကို ရှင်ေါချောင်းမှ ချီဖွေမြို့အထိ လမ်းအပိုင်းကို ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ၊ အစီအစဉ်ရှိပါက မည်သည့်အချိန်ကာလတွင် ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်းကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ရှင်းလင်းဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအောင်သိမ်း(ဒုတိယဝန်ကြီး၊ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန-၄)**။ ။ ရိုသေလေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကချင်ပြည်နယ်၊ ချီဖွေမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇုံးတိန့် မေးမြန်းတဲ့ မေးခွန်းနှင့်ပတ်သက်ပြီး ကချင်ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ပြန်လည်ရှင်းလင်းဖြေဆိုသွားမှာ ဖြစ်ပါတယ်။ ကချင်ပြည်နယ်၊ မြစ်ကြီးနားခရိုင်၊ ဝိုင်းမော်မြို့နယ်နှင့် ချီဖွေမြို့နယ်တို့အား ဆက်သွယ်ထားတဲ့လမ်းဟာ မံဝိန်း-ချီဖွေလမ်းဖြစ်ပြီးတော့ ပြည်သူ့ဆောက်လုပ်ရေးပိုင်လမ်း ဖြစ်ပါတယ်။ ၎င်းလမ်းပိုင်း၌ ရှင်ေါ်မှ ချီဖွေအထိ လမ်းပိုင်းအား ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ကျောက်ချောလမ်းခင်းရန် ရန်ပုံငွေပါရှိခြင်းမရှိပါ။ တံတားဆောက်လုပ်ခြင်းလုပ်ငန်းအနေနဲ့ ပြည်ထောင်စု ငွေလုံးငွေရင်းရန်ပုံငွေကျပ်သန်း ၁၀၀ ဖြင့် ပေ ၅၀ အောက် ကွန်ကရစ်တံတားလေးစင်း ဆောက်လုပ်သွားမှာဖြစ်ပါတယ်။ ပြည်နယ်ရန်ပုံငွေ ၄၈၆.၅ သန်းဖြင့် ပေ ၁၈၀ အထက် ဘေလီတံတားနှစ်စင်းအား ပြုပြင်ခြင်း၊ ပေ ၆၀ ကွန်ကရစ်တံတားတစ်စင်း၊ ပေ ၅၀ အောက် ကွန်ကရစ်တံတား ငါးစင်း တည်ဆောက်ခြင်း လုပ်ငန်းနှင့် သဲကျောက်အမာခံလမ်းနှစ်မိုင်တို့အား ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ လမ်းပိုင်းပြုပြင်နိုင်ရေးရန်ပုံငွေ တင်ပြတောင်းခံပြီးတော့ ခွင့်ပြုရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ရွှေတောင်မြို့ ရွှေပြည်သာပန်းခြံ၏ တောင်ဘက်ခြမ်းတွင် တစ်ထပ်သံကူကွန်ကရစ် မြို့နယ်ခန်းမ တည်ဆောက်မှုကို မည်သည့်အချိန်တွင် စတင်ဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဒေါက်တာဒေါ်အေးမြင့်၊ ရွှေတောင်မဲဆန္ဒနယ်က မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးတင်ထွေး(အုတ်ဖိုမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ပထမဦးစွာနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ အုတ်ဖိုမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွေး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရွှေတောင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်အေးမြင့်ရဲ့ကိုယ်စား မေးခွန်းမေးမြန်းတင်ပြသွားမှာ ဖြစ်ပါ

တယ်။ မေးခွန်းအကြောင်းအရာကတော့ ရွှေတောင်မြို့နယ်အတွက် လူအများစုဝေးနိုင်သော မြို့နယ်ခန်းမတည်ဆောက်နိုင်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေပဲ ဖြစ်ပါတယ်။ အခုမေးခွန်းနှင့် ပတ်သက်ပြီး ၂-၂-၂၀၁၂ ရက်က နယ်စပ်ရေးရာဝန်ကြီးဌာနအနေနဲ့ ပြန်လည်ဖြေကြားခဲ့ရာမှာ ရွှေတောင်မြို့ ရွှေပြည်သာပန်းခြံရဲ့တောင်ဘက်တွင် အလျား ၁၀၀ ပေ၊ အနံ ၆၀ ပေ၊ အမြင့် ၁၄ ပေရှိ တစ်ထပ်သံကူကွန်ကရစ်မြို့နယ်ခန်းမတည်ဆောက်ရန် မြေနေရာလုံလောက်မှုရှိပြီး အဆိုပါခန်းမတည်ဆောက်ရန် ရွှေတောင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရဲ့ ရန်ပုံငွေမှာ လုံလောက်မှုမရှိပါသဖြင့် နိုင်ငံတော်ရဲ့ထောက်ပံ့ငွေတင်ပြတောင်းခံပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ အစီအမံဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း စာဖြင့်ဖြေကြားခဲ့ပါတယ်။ အခုဆိုရင် နှစ်နှစ်ကျော်ကာလကို ရောက်ရှိနေပြီဖြစ်ပါ၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းသိရှိလိုတာကတော့ ရွှေတောင်မြို့နယ်အတွက် မြို့နယ်ခန်းမတည်ဆောက်မှုကို မည်သည့်အချိန်တွင် စတင်ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါ၍ လေးစားစွာဖြင့် မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

[ဒေါက်တာဒေါ်အေးမြင့်၊ ရွှေတောင်မဲဆန္ဒနယ်ကိုယ်စား ဦးတင်ထွေး၊ အုတ်ဖိုမဲဆန္ဒနယ်မှ မေးမြန်းပါသည်။]

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာဝန်ကြီးဌာနမှ ပြန်လည်ရှင်းလင်းဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအောင်သိမ်း(ဒုတိယဝန်ကြီး၊ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန-၄)**။ ။ ရိုသေလေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကပဲ ပဲခူးတိုင်းဒေသကြီး၊ ရွှေတောင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ဒေါ်အေးမြင့်မေးမြန်းတဲ့မေးခွန်းနှင့် ပတ်သက်ပြီး ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ပြန်လည်ရှင်းလင်းဖြေဆိုသွားမှာ ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ ရွှေတောင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရဲ့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်ဝင်ငွေလျာထားချက်မှာ ငွေကျပ် ၂၅၇ သန်းဖြစ်ပါတယ်။ မြို့ပြလမ်း၊ တံတား၊ ရေပေးရေး ငွေလုံးငွေရင်းအသုံးစရိတ်ပေါင်း ငွေကျပ် ၁၀၂.၈ သန်း၊ ကျေးလက်လမ်း၊ တံတား၊ ရေပေးရေးအသုံးစရိတ်ပေါင်း ငွေကျပ် ၃၈.၅၅ သန်းဖြင့် လျာထားဆောင်ရွက်လျက်ရှိပါတယ်။

ရွှေတောင်မြို့နယ်၊ သရက်တောရပ်ကွက်၊ ပြည်-ရန်ကုန်လမ်းဘေးမှာရှိတဲ့ ရွှေပြည်သာပန်းခြံဟာ အဖွဲ့ပိုင်ပန်းခြံဖြစ်ပြီး အလျား ၅၂၉ ပေ၊ အနံ ၁၅၈ ပေ ဧရိယာနဲ့ ၁.၉၆ ဧကရှိပါတယ်။ ပန်းခြံရဲ့မြောက်ဘက်အခြမ်းမှာ အဖွဲ့ပိုင်ဆိုင်ခန်းများရှိပြီးတော့ ပန်းခြံရဲ့အလယ်မှာ ဂါလံ ၂၄၀၀ ဆံ့တဲ့ ၂၄ ပေ

အမြင့်ရေစင်ရှိပါတယ်။ ရေစက်ရုံတစ်ရုံနဲ့ ဂါလံ ၁၀၀၀ ဆံ့အုတ်ရေကန် တစ်ကန်၊ ရေပန်းအလှနှင့် မြေယာရှုခင်းအလှများ၊ ကလေးကစားကွင်းများရှိပါတယ်။ ပန်းခြံမြေရဲ့တောင်ဘက်ခြမ်းမှာ မြို့နယ်အတွက် လိုအပ်မယ့်မြို့နယ်ခန်းမ ၁၀၀ ပေx ၆၀ ပေ x ၁၄ ပေ တည်ဆောက်ရန် မြေနေရာကျန်ရှိပြီး အဆိုပါရွှေပြည်သာပန်းခြံအတွင်း မြို့နယ်ခန်းမ ၁၀၀ ပေx ၆၀ ပေ x ၁၄ ပေ တည်ဆောက်ပါက ခန့်မှန်းကုန်ကျငွေမှာ ငွေကျပ် ၁၅၀ သန်းလိုအပ်မှာ ဖြစ်ပါတယ်။

သို့ဖြစ်တဲ့အတွက်ကြောင့် မြို့နယ်ခန်းမတည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ စည်ပင်သာယာရေးရန်ပုံငွေဖြင့် ဆောင်ရွက်ရန်ထည့်သွင်းလျာထားခဲ့ခြင်းမရှိပါ။ အဆိုပါ မြို့နယ်ခန်းမတည်ဆောက်ခြင်းလုပ်ငန်းကို ဆောင်ရွက်မည်ဆိုပါက အဖွဲ့ရန်ပုံငွေဖြင့် မလုံလောက်၍ မြို့မိမြို့ဖများမှ ကိုယ်ထူကိုယ်ထဆောင်ရွက်ပေးခြင်း သို့မဟုတ် နိုင်ငံတော်ထောက်ပံ့ ငွေရရှိမှသာ ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**နိုင်ငံတော်စီးပွားရေးအတွက် ဝင်ငွေပိုမိုတိုးတက်လာစေရန်နှင့် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ မြှင့်တင်နိုင်ရန် မြန်မာ့ခရီးသွားနှစ် တစ်နှစ်ကို သတ်မှတ်အကောင်အထည်ဖော်ဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဗိုလ်မှူးအောင်ကျော်နှင်း၊ တပ်မတော်သားကိုယ်စားလှယ်က မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးအောင်ကျော်နှင်း(တပ်မတော်သားကိုယ်စားလှယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးအောင်ကျော်နှင်း ဖြစ်ပါတယ်။ လေးစားရပါသော ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခင်အစိုးရလက်ထက် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအနေနဲ့ ခရီးသွားလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်လာစေဖို့ နိုင်ငံရဲ့သာယာလှပတဲ့ ရေမြေတောတောင်ရှုခင်းတွေ၊ ရေချိုးဆိပ်တွေ၊ ပင်လယ်ကမ်းခြေတွေ ယဉ်ကျေးမှုဓလေ့ထုံးစံနဲ့ ရှေးဟောင်းစေတီပုထိုးယဉ်ကျေးမှုအမွေအနှစ်လက်ရာတွေကို ကမ္ဘာကသိရှိစေဖို့ ဝန်ဆောင်မှုကဏ္ဍမှ နိုင်ငံခြားဝင်ငွေပိုမိုတိုးတက်ရရှိလာစေဖို့ ရည်ရွယ်ပြီးတော့ မြန်မာ့ခရီးသွားနှစ် ၁၉၉၆ (Visit Myanmar Year 1996)ကို သတ်မှတ်ပြီးတော့ ခရီးသွားလုပ်ငန်းတွေကို မြှင့်တင်ဆောင်ရွက်ခဲ့ပါတယ်။ ဒီနေ့အချိန်အခါမှာလည်း မြန်မာနိုင်ငံအနေနဲ့ ကမ္ဘာလှည့်ခရီးသွားတွေအတွက် အကောင်းဆုံးဝန်ဆောင်မှုတွေ ပေးနိုင်တဲ့အခြေအနေ၊ ကမ္ဘာ့နိုင်ငံ အများစုရဲ့ စိတ်ဝင်စားမှုခံရတဲ့အခြေအနေ၊ ကမ္ဘာ့စီးပွားရေးလုပ်ငန်းရှင်ကြီးများရဲ့ မျက်စိကျ

လောက်တဲ့၊ ဘက်စုံကဏ္ဍစုံရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရန် အလားအလာကောင်းတွေရှိနေတဲ့ အခြေအနေကို ကျွန်တော်တို့နိုင်ငံအနေနဲ့ အခွင့်အရေးတစ်ရပ်အဖြစ် မိမိရရဆုပ်ကိုင်ပြီးတော့ အကောင်းဆုံးအသုံးချကာ နိုင်ငံခြားဝင်ငွေပိုမိုရရှိအောင် ခရီးသွားလုပ်ငန်းတွေကို ယခုထက်ပိုမို ဈေးကွက်မြှင့်တင်လုပ်ကိုင်ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျှ တစ်နွယ်ငင်တစ်စင်ပါဆိုသလို ဆက်စပ်လုပ်ငန်းတွေဖြစ်တဲ့ လေကြောင်းလိုင်းနဲ့ သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ ဘဏ်လုပ်ငန်း၊ စားသောက်ဆိုင်၊ ဟိုတယ်၊ ဧည့်လမ်းညွှန်နဲ့ ခရီးသွားဝန်ဆောင်မှုလုပ်ငန်းတွေ အနုပညာယဉ်ကျေးမှုလက်ရာ အမှတ်တရပစ္စည်းရောင်းချခြင်းလုပ်ငန်းတွေပါ တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။ ခရီးသွားလုပ်ငန်းကို အခြေပြုပြီးတော့ နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် အလုပ်အကိုင်၊ အခွင့်အလမ်းနဲ့ ဝင်ငွေတွေပေါ်ပေါက်လာနိုင်ရုံသာမကဘဲနဲ့ လူမှုရေး၊ စီးပွားရေးနယ်ပယ်မှာပါ ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ပါတယ်။ ကမ္ဘာလှည့်ခရီးသွားဧည့်သည်ဝင်ရောက်မှုအနေနဲ့ ၂၀၁၃ ခုနှစ်မှာ ၂.၀၄ သန်းဝင်ရောက်ခဲ့ပြီးတော့ ဝင်ငွေအမေရိကန်ဒေါ်လာ ၉၂၆ သန်း ရရှိခဲ့ပါတယ်။ ၂၀၁၄ ဇူလိုင်လအထိတော့ ဧည့်သည် ၁.၆ သန်းဝင်ရောက်ပြီးဖြစ်ပါတယ်။ ၂၀၁၄ ခုနှစ်အတွက် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနရဲ့ ရည်မှန်းချက်ကတော့ ဧည့်သည်သုံးသန်းဝင်ရောက်ပြီးတော့ ဝင်ငွေ အမေရိကန်ဒေါ်လာ တစ်ဘီလီယံလို့လည်း သိရှိရပါတယ်။

ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကို ဆွဲဆောင်မှုကောင်းကောင်း၊ မြင့်မားတဲ့ဝန်ဆောင်မှုတွေသာ ပေးနိုင်ခဲ့လို့ရှိရင် ကမ္ဘာလှည့်ခရီးသွားတွေဟာ အကြိုက်တွေ့ကျေနပ်နှစ်သက်ကြမှာ အမှန်ပါပဲ။ အိမ်သာမှ ဧည့်လာမယ်ဆိုတဲ့စကားပုံလည်း ရှိပါတယ်။ ခရီးသွားတွေအဆင်ပြေပြီးတော့ ဒီနိုင်ငံမှာ ကြာကြာနေ ငွေများများသုံးဖြစ်အောင်လည်း ကျွန်တော်တို့တစ်တွေ ကြိုးစားကြရမှာ ဖြစ်ပါတယ်။ ဒါမှလည်း နိုင်ငံ့ဝင်ငွေတိုးတက်လာမှာ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတဲ့မေးခွန်းသုံးခုမှာ (၁) ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသော မြန်မာ့ခရီးသွားနှစ် ၁၉၉၆ (Visit Myanmar Year 1996) ကဲ့သို့သော တစ်နှစ်ကို သတ်မှတ်အကောင်အထည်ဖော် ဆောင်

ရွက်ရန် အစီအစဉ်ရှိ/မရှိ၊ အစီအစဉ်ရှိပါက မည်သည့်အချိန်ကာလတွင် သတ်မှတ်မည်နည်း၊ အစီအစဉ်မရှိပါက အဘယ့်ကြောင့်နည်း။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာတင်ရွှေ(ဒုတိယဝန်ကြီး၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန)။** ။ ရိုသေလေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး ကျက်သရေမင်္ဂလာ အဖြာဖြာနဲ့ ပြည့်စုံကြပါစေကြောင်း ဦးစွာဆန္ဒဆုမွန်ပြုအပ်ပါတယ်။ ယခု မေးသွားတဲ့မေးခွန်းရှင်အနေနဲ့ နိုင်ငံတော်ရဲ့ဖွံ့ဖြိုးတိုးတက်ရေး တစ်နည်းအားဖြင့် ပြောမယ်ဆိုရင် Gross Domestic Product လို့ခေါ်တဲ့ (GDP) တိုးတက်ရေးအတွက်လည်းကောင်း၊ နောက်နိုင်ငံတော် အတွင်းရှိနေကြတဲ့၊ မှီတင်းနေထိုင်ကြတဲ့ ဒေသတွင်းပြည်သူများ အလုပ်အကိုင်ရရှိရေး၊ ပွင့်လင်းသော ဆောင်ရွက်မှုများ ဆောင်ရွက်နိုင်ရေးနဲ့ ဝင်ငွေကောင်းရေး Gross National Income တိုးတက်ရေးအတွက် ရည်ညွှန်းပြီးမေးသွားတဲ့ မေးခွန်းဖြစ်တဲ့အတွက် မေးခွန်းရှင်ကို ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနရဲ့ကိုယ်စား အထူးပဲဂုဏ်ပြုအပ်ပါကြောင်း ဦးစွာပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပန်ကြားအပ်ပါတယ်။ မေးခွန်းရှင်ရဲ့မေးကြားချက်မှာ ပြည့်ပြည့်စုံစုံလေးမေးထားပြီဖြစ်တဲ့အတွက် ကျွန်တော့်အနေနဲ့ ဖြေစရာတောင်လိုမယ်မထင်တော့ပါဘူး။ သို့သော် ကျွန်တော်တို့ ကြုံကြိုက်နေတဲ့အတွက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ကြုံကြိုက်နေတဲ့အချိန်မှာ ကျွန်တော် အနည်းငယ်မျှ ကျွန်တော်တို့ရဲ့ လုပ်ဆောင်နေမှု၊ မေးခွန်းရှင်ရဲ့ဆန္ဒဖြစ်တဲ့ မြန်မာ့ခရီးသွားနှစ်ဖြစ်ပေါ်ရေးဆိုတဲ့ အခြေအနေတွေပေါ်မူတည်ပြီး အနည်းငယ်တင်ပြသွားလိုပါတယ်။ ကျွန်တော်တို့ဟာ (Before 2010) ၂၀၁၀ မတိုင်ခင်မှာ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ တော်တော်လေးကို အလူးအလဲခံခဲ့ရပါတယ်။ သို့သော် နိုင်ငံတော်ရဲ့အကြီးအကဲတွေဟာ ကျွန်တော်တို့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် Infrastructure ကို အမျိုးစုံဆောင်ရွက်ခဲ့ပေမယ့် စိတ်သွားတိုင်းကိုယ်မပါဖြစ်ခဲ့တဲ့အတွက် အားအင်လျော့နည်းမှုများ ဖြစ်ခဲ့ရပါတယ်။ ဒါကြောင့် ၁၉၉၆ မှာ ဧည့်သည်တွေလာမလားဆိုပြီးတော့ မြန်မာနိုင်ငံရဲ့ ပျူဂာမှုအပြုံးနဲ့ ဖိတ်ခေါ်ခဲ့ပေမယ့် လုပ်ငန်းတွေဟာ ထင်သလောက်မှန်းသလောက်မအောင်မြင်ခဲ့ပါဘူး။ အခုသတ်မှတ်ထားတဲ့ Political Roadmap အရ နိုင်ငံရေးလမ်းစဉ်

(၇)ခုကလည်း ပြတ်ပြတ်သားသားနဲ့ စနစ်တကျဆောင်ရွက်လာတဲ့အတွက် ၂၀၁၀ မှာ အထွေထွေ ရွေးကောက်ပွဲကြီးပေါ်ခဲ့တယ်။

တစ်ခါ ၂၀၁၁ ရောက်လာတဲ့အခါမှာ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသား လွှတ်တော်နဲ့ လွှတ်တော်ကြီးသုံးရပ်နှင့်အတူ People Centre Government လို့ခေါ်တဲ့ ပြည်သူ့ အစိုးရအဖွဲ့ပါ ပေါ်ပေါက်လာပါတယ်။ ဒီအခါမှာ လွှတ်တော် နှင့် အစိုးရအဖွဲ့ဟာ တစ်ဦးနှင့်တစ်ဦး Check and Balance လုပ်ပြီးတော့ ဆင်နွှဲလာခဲ့ရာမှာ ၂၀၁၂ မှာ မိမိတို့ရဲ့အင်အားသည် ပြည်တွင်းမှာသာရှိသည်ဆိုတဲ့ လုံ့လဝီရိယစိုက်ထုတ်မှုနှင့် ကြိုးစားလာခဲ့တဲ့အတွက် Political Reform တွေ၊ Economic Reform တွေ၊ Social Reform တွေကို သက်ဆိုင်ရာ အဖွဲ့အစည်းများနဲ့ ပူးပေါင်း ပြီးတော့ ဆောင်ရွက်လာတဲ့အတွက် ကျွန်တော်တို့ ၂၀၁၁ ကစပြီးတော့ မြန်မာနိုင်ငံရဲ့ ခရီးသွား လုပ်ငန်းဟာဖွံ့ဖြိုးလာပါတယ်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့ရဲ့ Infrastructure လုပ်ထားတဲ့ ဟိုတယ် ၂၃ လုံးဟာလည်း ကျွန်တော်တို့ ပြည်သူ့အစိုးရပေါ်ပေါက်လာတဲ့အခါမှာ လွှဲအပ်ပြီးပေးခဲ့ပါတယ်။ မူလကတော့ ကိုယ့်ဟိုတယ်၊ ကိုယ့်လုပ်ငန်းဆိုပြီး သဘောသတ်မှတ်ခဲ့ပေမယ့် Admin ပိုင်းနဲ့ Management ပိုင်းမှာ အထူးလိုအပ်လာတဲ့အတွက် ဒီဟိုတယ်များကိုလည်း ကျွန်တော်တို့ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းက လုပ်ဆောင်ခြင်းမရှိတော့ဘဲနဲ့ People, Public, Private ဆိုပြီးတော့၊ 3P ကို အခြေခံပြီးတော့ ပြည်သူတွေလုပ်နိုင်အောင် အိတ်ဖွင့် တင်ဒါများနဲ့ ဆောင်ရွက်ခဲ့ပါတယ်။ စောစောပိုင်းက ဤမျှအရေအတွက်မများပေမယ့်လို့ ယနေ့ဆိုရင် ကျွန်တော်တို့ တစ်နိုင်ငံလုံးမှာဆိုရင် ၁၁၀၀ နီးနီးဟိုတယ်များဟာ ဖွင့်ပြီးဖြစ်ပါတယ်။ နောက်ရန်ကုန်မှာဆိုရင်လည်း ကျွန်တော်တို့ ၂၆၇ လုံးနဲ့ အခန်းပေါင်း ၁၂၀၀၀ ကျော်ရှိနေပြီဖြစ်ပါတယ်။ ဒါ့ကြောင့် မေးခွန်းရှင်ရဲ့ မေးမြန်းချက်အရ (Visit Myanmar Year) မြန်မာ့ခရီးသွားနှစ်လုပ်နိုင်ဖို့ဟာ ကျွန်တော်တို့မှာ ဝန်မလေးတော့ပါဘူး။ လုပ်လို့ရပါတယ်။ သို့သော်လည်း လက်ရှိအချိန်မှာ ကြည့်လိုက်မယ်ဆိုရင် ခရီးသွားနှစ်တွေ၊ ခရီးသွားဧည့်သည်တွေရဲ့နှုန်းကို ကြည့်မယ်ဆိုရင်လည်းပဲ အခုနက အဆိုရှင်ကြီး တင်ပြသွားသလို ၂၀၁၁ မှာ ၀.၈၂ မီလီယံရှိခဲ့ပါတယ်။ တစ်ခါ ၂၀၁၂ မှာ ၁.၀၆ မီလီယံရောက်ခဲ့ ပါတယ်။

နောက်တစ်ခါ ၂၀၁၃ မှာတော့ ၂.၀၄၄ မီလီယံရောက်ခဲ့ပါတယ်။ အခုဒီနှစ် ၂၀၁၄ မှာတော့ ကျွန်တော်တို့ သတ်မှတ်မှန်းထားတဲ့ သုံးသန်းဟာ အခုဆိုရင် ဩဂုတ်လအကုန်မှာပင် ၁.၈၂ မီလီယံ ရောက်နေပြီဖြစ်ပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့ ဒီပွင့်လင်းရာသီမှာလည်းပဲ Nearly three Million,

Over three Million ဖြစ်လိမ့်မယ်လို့ ကျွန်တော်တို့ ခန့်မှန်းထားပြီး ဖြစ်ပါတယ်။ ဒီ့အတွက်လည်း ကျွန်တော်တို့က ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဝန်ကြီးဌာနကို ကျွန်တော်တို့ရဲ့ နိုင်ငံတော်ရဲ့ ပြုပြင်ပြောင်းလဲမှုတွေနဲ့အတူ ကျွန်တော်တို့ နိုင်ငံတော်အစိုးရနဲ့ လွှတ်တော်တွေရဲ့ ဆောင်ရွက်ပူးပေါင်းရရှိလာတဲ့အဖြေတွေကြောင့် ကျွန်တော်တို့ရဲ့ ဒီတစ်နိုင်ငံလုံးမှာ (INGO)လို့ခေါ်တဲ့ International Non Governmental Organization တွေက ဝင်ရောက်လာပြီးတော့ ကျွန်တော်တို့ ပံ့ပိုးမှုတွေရလာပါတယ်။ ဒါ့ကြောင့် သူတို့ရဲ့ ချိန်ဆမှုနဲ့ ၂၀၁၃၊ ၂၀၁၂ ဟာ သူတို့ကလည်း မြေစမ်းခရမ်းပျိုးလို စမ်းသပ်၊ ကျွန်တော်တို့ကလည်း မှုမှန်တဲ့စနစ်သစ်၊ စနစ်မှန်နဲ့ စိတ်ရင်းကောင်းစွာနဲ့ ဆောင်ရွက်နေတဲ့အတွက် ဒီ INGO အဖွဲ့အစည်းတွေဟာ တော်တော်များများ ကူညီလာပြီဖြစ်ပါတယ်။ အထူးသဖြင့်တော့ ADB လို့ခေါ်တဲ့ Asia Development Bank, World Bank, IFC လို့ခေါ်တဲ့ International Finance Corporation တွေဟာ ကျွန်တော်တို့ နိုင်ငံအပေါ်မှာ အမြင်ကြည်လာတဲ့အနေအထားရှိပါတယ်။ ဒီ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့က ၂၀၁၃ ရဲ့ နောက်ပိုင်းမှာ Myanmar Development Cooperation Forum တွေ၊ နောက်တစ်ခါ World Economic Forum တွေကို ကျင်းပလိုက်တဲ့အခါမှာ West ရော Europe ကရော တော်တော်လေးကို အမြင်ကြည် လာတဲ့အတွက် ကျွန်တော်တို့ ၂၀၁၃ မှာဆိုရင် ဒါ Grant တို့၊ Aid တို့ရလာပြီဖြစ်ပါတယ်။

ဒါ့ကြောင့်မို့လို့ ကျွန်တော်တို့နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုနဲ့ အလားတူပဲ ကျွန်တော်တို့ဌာနကိုလည်းပဲ ကူညီနေတဲ့ ဂျာမနီနိုင်ငံက Hanzider Foundation ဟာ ကျွန်တော်တို့နိုင်ငံအတွက် လိုအပ်နေတဲ့ ခရီးသွားနှစ်ရဲ့ ဖွံ့ဖြိုးမှုကိုရရှိအောင် ကျွန်တော်တို့ ဒီ Myanmar Tourism Master Plan နောက်တစ်ခါ ကျွန်တော်တို့ ဒီ Community Base Tourism, Responsible Tourism လို့ခေါ်တဲ့ တာဝန်သိတဲ့ခရီးသွားလုပ်ငန်းတွေ၊ ပြည်သူအခြေပြုတဲ့ခရီးသွားလုပ်ငန်းတွေ၊ မြန်မာ့ခရီး သွားလုပ်ငန်းမဟာဗျူဟာစီမံကိန်းတွေကို သူတို့ဟာ မေတ္တာစေတနာထားပြီးတော့ လာရောက်ကူညီပြီးတော့ စာတမ်းများပြုစုပေးတဲ့အတွက် ကျွန်တော်တို့ဌာနအနေနဲ့လည်း ဒီပြုစုထားတဲ့ စာရွက်စာတမ်းတွေပေါ်မှာမူတည်ပြီးတော့ ပြည်ပရဲ့အကူအညီရရှိမှုကို အထူးပဲကြိုးစားခဲ့ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ အနီးကပ်ဆုံးတင်ပြချင်တာကတော့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးများလည်း လေ့လာထိုက်တဲ့အတွက် မြန်မာ့ခရီးသွားလုပ်ငန်းရဲ့ မဟာဗျူဟာစီမံကိန်းအချက် (၆)ချက်ကို ကျွန်တော်တင်ပြသွားလိုပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပြည့်စုံအောင်တင်ပြချင်တဲ့အတွက် အနည်းငယ်အချိန်လေးပေးပါရန် လေးစားစွာပန်ကြားအပ်ပါတယ်။ (၁)ကတော့ ဒီ ကျွန်တော်တို့ရဲ့ Master Plan Strategy မှာ No.1 က Strengthening of the Institutional Environment လို့ခေါ်ပါတယ်။ အဲ့ဒီဥစ္စာကတော့ ကျွန်တော်တို့နဲ့ ဒီခရီးသွားလုပ်ငန်းကို ဦးဆောင်ပေးနိုင်မယ့် အဖွဲ့အစည်းတစ်ခု ပေါ်ပေါက်ဖို့လိုပါတယ်။ ဒီဦးဆောင်ပေးနိုင်တဲ့အဖွဲ့အစည်းကသာ Dialogue လုပ်သွားလို့ အဆင်ပြေပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့က Myanmar Tourism Federation ဆိုတာကို သူ့ရဲ့ကြိုးစားမှုကြောင့် သူ့ရဲ့အောက်မှာလည်းပဲ ၁၁ ဖွဲ့ရှိပါတယ်။ ဒါတွေ ကျွန်တော်တင်ပြခြင်းဟာ မေးခွန်းရှင်ရဲ့ဆန္ဒကို ဖော်ထုတ်ပေးနေပါတယ်။ ကျွန်တော်တို့ဝန်ကြီးဌာန ဆိုတဲ့အကြောင်းကို တင်ပြခြင်းဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ဒုတိယအချက်ကတော့ Strengthening of the Human Resource Development မှာ ကျွန်တော်တို့ နိုင်ငံတစ်ခု ထူထောင် တဲ့အခါမှာ ကျွန်တော်တို့ရဲ့ လူ့စွမ်းအားအရင်းအမြစ်အင်အားဟာ အများကြီးလိုပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းရဲ့ဆိုင်တဲ့နေရာမှာ ဟိုတယ်ရဲ့လုပ်ငန်း၊ ခရီးသွားလုပ်ငန်း၊ နောက် နေရာဒေသတွေရဲ့လုပ်ငန်း အဲ့ဒီလုပ်ငန်းတွေကိုလည်း ကျွန်တော်တို့က ကမ္ဘာလှည့်ခရီးသည်တွေကို ကျွန်တော်တို့က တင်းပြည့်ကျပ်ပြည့် ပြုစုပျိုးထောင်နိုင်အောင်လို့ ဆိုပြီးတော့ ဒီ Human Resource Development ကိုလည်း ကျွန်တော်တို့ဆီကနေ သင်တန်းများဖွင့်ပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။ နောက်တစ်ခုကတော့ ကျွန်တော်တို့ Strengthening of the Destination Planning And Management လို့ခေါ်ပါတယ်။ အဲ့ဒါကတော့ ခရီးစဉ်ဒေသတွေရဲ့ သွားရေးလာရေးခရီးစဉ်ဒေသတွေမှာ အခုန အဆိုရှင်တင်ပြသွားသလိုပဲ နိုင်ငံတော်အေးချမ်းသာယာမှုအပေါ်မှာ မူတည်ပါတယ်။ နိုင်ငံတော်အေးချမ်းသာယာမှုရှိလေလေ ကျွန်တော်တို့ရဲ့ လောင်စာမလို၊ မီးခိုးမထွက်တဲ့ ဟိုတယ်ခရီးသွားလုပ်ငန်းစက်ရုံကြီးဟာ အစဉ်လည်ပတ်နေပြီးတော့ ယခုလျှင်မကဘူး။ နောင်အတွက် Sustainable ဖြစ်အောင်လည်းပဲ ကျွန်တော်တို့ဟာ အထူးဆောင်ရွက်လျက်ရှိပါတယ်။ နောက်တစ်ခုကတော့ ကျွန်တော်တို့ Product And Service Quality အခုန တင်ပြသွားသလိုပဲ မိမိတို့ဧည့်သည်တွေဟာ ခရီးစဉ်ဒေသအလျောက် ရောက်တဲ့အခါမှာ ဒီဒေသတွေရဲ့ထွက်တဲ့ပစ္စည်းတွေကို ဝယ်နိုင်လောက်တဲ့အဆင့်မျိုးဖြစ်အောင် ဝယ်ပြီးဝယ်လိုက်တဲ့အတွက် ဒီဒေသတွင်းဆိုင်ရာတွေအတွက် ဝင်ငွေဟာ တိုးပွားစေနိုင်တဲ့အတွက် ကျွန်တော်တို့ ဒီဟာကိုလည်း အထူးရည်ရွယ်ထားပါတယ်။

**မူကြမ်း**

နောက်(၅)အနေနဲ့ကတော့ ကျွန်တော်တို့က Connectivity and the Communication ဖြစ်ပါတယ်။ ဆက်သွယ်ရေးလမ်းကြောင်းတွေ ဒါဟာလည်းပဲ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ကနေ အခု ကျွန်တော်တို့ အနယ်နယ်အရပ်ရပ်ကို ခရီးသွားလိုက်တဲ့အခါမှာ လမ်းပမ်းဆက်သွယ်ရေးတွေဟာ တမူထူးခြားစွာနဲ့ကို တော်တော်ကောင်းနေတာကို ကျွန်တော်တို့ မျက်မြင်တွေ့ရှိရပါတယ်။ သို့သော် ကျန်တဲ့အပိုင်းတွေလည်း ရှိတော့ရှိဦးမှာပါ။ သို့သော် ဒီနယ်မြေဒေသတွေ တစ်ခုနဲ့တစ်ခုဆက်သွယ်တဲ့နေရာမှာတော့ အရမ်းကိုလမ်းတွေက အောင်မြင်ပါတယ်။ ဒါကြောင့်မို့လို့ ယခု ကျွန်တော်တို့တက်လာတဲ့ People Centre Government ရဲ့လက်ထက်မှာလည်းပဲ လိုအပ်တာတွေကို မွမ်းမံပြင်ဆင်ပြီးတော့ ခရီးလမ်းကြောင်းတွေကိုဆန့်တဲ့အတွက် ကျွန်တော်တို့ မော်တော်ယာဉ်လမ်းကြောင်းနဲ့ပဲသွားသွား၊ လေကြောင်းကပဲသွားသွား၊ သင်္ဘောလိုင်းကပဲသွား သွား၊ ကုန်းလမ်းကပဲဝင်ဝင် အစရှိသည်ဖြင့် ကျွန်တော်တို့ ဖွံ့ဖြိုးအောင်၊ တိုးတက်အောင် ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၃ ခုနှစ် ဩဂုတ်လတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ကျွန်တော်တို့ဌာနက ပြည်ထောင်စုဝန်ကြီးများဟာ သွားရောက်ပြီးတော့ မြဝတီ၊ မယ်ဆိုင်၊ နောက် တာချီလိတ်နဲ့ မဲစောက်၊ နောက် ထားဝယ်ကဆိုရင်လည်း ထီးခီးနဲ့ ဖူနာရွန်၊ နောက် ကော့သောင်းနဲ့ ရနောင်းစသည့် ကုန်းလမ်းပေါက်တွေကိုလည်းပဲ ကျွန်တော်တို့က ဖွင့်ထားပြီးဖြစ်ပါတယ်။ နောက်တစ်ခုကတော့ အခုနက တင်ပြသွားခဲ့တဲ့ ကျွန်တော်တို့ရဲ့ Let the journey begin the national branding ပါ။ ကျွန်တော်တို့ အမျိုးသားရေးရဲ့ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးမှုအတွက်ကိုလည်းပဲ အခု ၂၀၁၃ ခုနှစ် World Economic Forum မှာ ကျွန်တော်တို့ သိုက်သိုက်ဝန်းဝန်း နိုင်ငံပေါင်း ၄၀ ကျော်ကနေ လာရောက်ပြီးတော့ ကျွန်တော်တို့ ပြည်ထောင်စု ဝန်ကြီး ဦးစိုးသိမ်းတို့၊ ပြည်ထောင်စုဝန်ကြီး ဦးတင့်နိုင်သိန်းတို့ အစရှိတဲ့ နိုင်ငံ့ဝန်ကြီးများအပါအဝင် ရင်းရင်းနှီးနှီးနဲ့ Debate သဘောမျိုးပါပါတယ်။ နောက် ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဒေါ်အောင်ဆန်းစုကြည်တို့ အားလုံးသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ သိရှိပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံတော်ရဲ့ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဟာ Myanmar Tourism Strategy နဲ့ ဆောင်ရွက်နေပါတယ်။ ဒါကြောင့်မို့လို့ ၂၀၁၃ ထဲမှာဆိုရင် ထူးခြားစွာနဲ့ကို World Economic Forum ကျင်းပခဲ့ပါတယ်။ ဒါကြောင့်မို့လို့ နိုင်ငံခြားဧည့်သည်တွေဟာ မြောက်မြားစွာလာရောက်ခဲ့တယ်ဆိုတာလည်း အားလုံး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ သိပြီးဖြစ်ပါတယ်။ ဒီ ၂၀၁၄ ကတော့ ပို၍ထူးခြားပါတယ်။ ရှေးယခင်က ဗိုလ်ချုပ်မှူးကြီးတို့လက်မခံခဲ့တဲ့ ဥက္ကဋ္ဌရာထူးဟာ ကျွန်တော်တို့ရဲ့ People Centre Government ရောက်လာတဲ့အချိန်မှာ နိုင်ငံတော်သမ္မတကြီး

ကနေ အာဆီယံဥက္ကဋ္ဌအဖြစ် လက်ခံလိုက်တဲ့အတွက် အခု မေလထဲမှာတင် First ASEAN Summit ကို ကျင်းပခဲ့ပြီးဖြစ်ပါတယ်။ Second ASEAN Summit ကို နိုဝင်ဘာလမှာ ကျင်းပမည်ဖြစ်ပါတယ်။ အဲဒီတော့ ဒီ ၂၀၁၂၊ ၂၀၁၃၊ ၂၀၁၄ ကစပြီးတော့ ကျွန်တော်တို့ရဲ့နိုင်ငံမှာ အစီအစဉ်ကျနစွာနဲ့ ဒီပွဲတွေဟာ ဆောင်ရွက်လျက်ရှိပါတယ်။ ဒီ ASEAN Summit နဲ့အလားတူတဲ့ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၊ စီးပွားရေးဆိုင်ရာအစည်းအဝေးများ၊ အခုဆိုရင် ပုဂံမှာ ကျွန်တော်တို့ ASEAN Socio Cultural Community ရဲ့ အစည်းအဝေးကြီးကို သိုက်သိုက်မြိုက်မြိုက်ကျင်းပနေပြီဖြစ်ပါတယ်။ အဲ့ဒီတော့ ကျွန်တော်တို့ အလားတူပဲ ၂၀၁၅ ဟာ ကျွန်တော်တို့ရဲ့ ASEAN Tourism Forum ဆိုတာကြီးကိုလည်း ကျင်းပပါဦးမယ်။ ဒါက အာဆီယံနိုင်ငံတွေမှာ တစ်နှစ်တစ်ခါအလှည့်ကျစီ ကျင်းပခဲ့ပေမယ်လို့ ကျွန်တော်တို့မြန်မာနိုင်ငံမှာ တစ်ခါမှကျင်းပခဲ့ဖူးတဲ့ပွဲမျိုးမဟုတ်သေးပါဘူး။ ဒါကြောင့်မို့လို့ ဇန်နဝါရီလ ၂၂ ရက်ကနေ ၂၉ ရက်အတွင်းကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများရှိမယ်ဆိုရင် ကြွရောက်နိုင်ပါတယ်။ ခမ်းခမ်းနားနားနဲ့ကျင်းပမှာဖြစ်ပါတယ်။ နိုင်ငံပေါင်းက ၅၀ နီးနီး လောက်လာကြပါမယ်။ အခုဆိုရင် ကျွန်တော်တို့ အဲ့ဒီထဲမှာပြပွဲတွေအတွက် အခန်းများကိုလည်းပဲ စီစဉ်ဆောင်ရွက်ထားတဲ့နေရာမှာ ၄၁၈ ခန်းတိတိကို ကျွန်တော်တို့ ရောင်းချပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လာမယ့် ၂၀၁၅ ဇန်နဝါရီလ ၂၂ ရက်နေ့မှ ၂၉ ရက်နေ့အထိဟာ ကျွန်တော်တို့ရဲ့ ASEAN Tourism Forum ကြီးကို အောင်အောင်မြင်မြင်ကျင်းပမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အဲ့ဒီလိုကျင်းပမှာဖြစ်တဲ့အတွက် ၂၀၁၅ ရဲ့နှစ်ဦးပိုင်းမှာလည်းပွဲကရှိတယ်။ ကျွန်တော်တို့ ကျင်းပခဲ့တဲ့ပွဲတွေဟာ ၂၀၁၃ ရဲ့ ဒီဇင်ဘာမှာဆိုရင်လည်း ASEAN SEA Game ကို ကျင်းပခဲ့ပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့နိုင်ငံအနေနဲ့ ခရီးသွားလုပ်ငန်းကို Step By Step အိမ်နီးနားချင်း နိုင်ငံတွေကတော့ 25 Million၊ 22 Million အစရှိသည်ဖြင့် တက်သော်လည်းပဲ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့အခြေအနေကတော့ Very Friable ဖြစ်နေတဲ့အတွက် နုနယ်သေးတဲ့အတွက် ကျွန်တော်တို့က တစ်ဆင့်ပြီးတစ်ဆင့်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒါကြောင့် ပွဲစဉ်များဟာလည်း ၂၀၁၅ အထိရှိနေတဲ့အတွက် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးမြန်းအဆိုပြုတင်ပြချက်ဟာ ကျွန်တော်တို့နိုင်ငံအတွက် အထူးဂုဏ်ယူစရာကောင်းပါတယ်။ ဒါကြောင့်မို့လို့ ၂၀၁၆ ရဲ့နောက်ပိုင်းမှာတော့ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ ဆန္ဒပြုထားတဲ့ မြန်မာ့ခရီးသွားနှစ်ကို တစ်ကြော့ပြန်လည်ကျင်းပနိုင်လိမ့်မယ်လို့ မျှော်လင့်ရင်းနဲ့ ကျွန်တော့်ရဲ့ဖြေကြားချက်ကို ဤတွင်ပဲ နိဂုံးချုပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို မိနစ် ၃၀ ခန့်ခေတ္တရပ်နားပါမယ်။

**အချိန်၊ ၁၁း၄၀။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို မိနစ် ၃၀ ခန့် ခေတ္တရပ်နားပါသည်။]

**အချိန်၊ ၁၁း၁၀။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**ဦးမြင့်ဦး၊ သနပ်ပင်မဲဆန္ဒနယ်က မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းခြင်းကြောင့် ပဲခူးတိုင်းဒေသကြီးနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အချို့တို့တွင် ရေကြီးနစ်မြုပ်ပျက်စီးသွားသော လယ်ယာမြေများအား စနစ်တကျ စိစစ်၍ တောင်သူလယ်သမားများအတွက်လိုအပ်သော ထိရောက်သည့်ကူညီထောက်ပံ့မှုများ အမြန်ဆုံးရရှိအောင် ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦးက အဆိုတစ်ရပ်တင်သွင်းထားပါတယ်။ အဆိုတင်သွင်းဖို့ ဦးမြင့်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးမြင့်ဦး(သနပ်ပင်မဲဆန္ဒနယ်)။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ သနပ်ပင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦးဖြစ်ပါတယ်။ ကျွန်တော်တင်ချင်တဲ့ အဆိုကတော့ ရေကြီးနစ်မြုပ်ပျက်စီး

သွားတဲ့ လယ်ယာမြေများနှင့်ပတ်သက်လို့ စနစ်တကျစိစစ်ပြီးတော့ ထိထိရောက်ရောက် ပံ့ပိုးပေးဖို့ပဲ ဖြစ်ပါတယ်။ လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ကိုလည်း အသုံးပြုခွင့်ပြုပါခင်ဗျား။ ၂၀၁၄ ခုနှစ် ဩဂုတ်လဆန်းပိုင်းမှာ မိုးများစွာအဆက်မပြတ်ရွာသွန်းတာ၊ ပင်လယ်ရေမြင့်တက်တာနဲ့ ဆည်ရေလျှော့ချရတာတွေကြောင့် ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ မြို့နယ်အချို့မှာ ရေကြီးရေလျှံ ဖြစ်ခြင်းဘေးနဲ့ ကြုံခဲ့ရပါတယ်။ အထူးအဖြင့် ပဲခူး၊ သနပ်ပင်၊ ဝေါနှင့် ကဝမြို့နယ်တွေမှာ ဆိုးဆိုးဝါးဝါး ဖြစ်ခဲ့ပါတယ်။ ရေလွှမ်းရက်ရှည်ခဲ့တဲ့အတွက်လည်း လယ်မြေဧကသောင်းချီပြီးတော့ ပျက်စီးခဲ့ပါတယ်။ အလားတူ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်မှာလည်း ရေကြီးနစ်မြုပ်လို့ လယ်မြေဧကများစွာ ပျက်စီးထိခိုက်ကြကြောင်း ကြားသိရပါတယ်။ ရေပြန်ကျသွားတဲ့နောက်မှာ ပြန်လည်ထူထောင်ရေးအတွက် လယ်ယာမြေပျက်စီးထိခိုက်စာရင်းကောက်တဲ့နေရာမှာ သက်ဆိုင်ရာ တာဝန်ရှိသူတွေက မြေပြင်အခြေအနေကို ကွင်းဆင်းစစ်ဆေးပြီးတော့ မှန်မှန်ကန်ကန် အတည်ပြု ပေးရန်လိုအပ်ပါတယ်။ အခု ရေဘေးအလွန် လယ်များပျက်စီးထိခိုက်စာရင်း ကောက်ခံရာမှာ လယ်ထဲ အထိကြည့်ရှုစစ်ဆေးခြင်းမရှိဘဲနဲ့ စာရင်းလျှော့၍သတ်မှတ်ပေးနေကြောင်း တောင်သူလယ်သမားတွေ နဲ့တိုင်ကြားမှုတွေက သိရပါတယ်။ အကြွေးများလည်းပင်းခိုက်နေပြီးတော့ ဆင်းရဲတွင်းနက်လှတဲ့ တောင်သူလယ်သမားများနဲ့ လက်လုပ်လက်စားပြည်သူများမှာ ရေကြီးခြင်းကြောင့် စားဝတ်နေရေး အလွန်ခက်ခဲကြပ်တည်းမှုကို ခံစားနေခဲ့ရပါတယ်။ ပြန်လည်ထူထောင်ရေးနှင့် အရေးပေါ်ကူညီ ထောက်ပံ့မှုများ စနစ်တကျထိထိရောက်ရောက် အမြန်ဆုံးဆောင်ရွက်ပေးရန်လည်း အထူးလိုအပ် လျက်ရှိကြောင်း တွေ့ခဲ့ရပါတယ်။

တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြင့်တင်ရေးဥပဒေပုဒ်မ ၁၇ (က)နှင့်(ခ)အရ တောင်သူလယ်သမားများအတွက် လိုအပ်တဲ့အကူအညီများနဲ့ အထောက်အပံ့များရရှိ စေရန် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ကျခံနိုင်ရေးဆောင်ရွက်ပေးရမှာဖြစ်သလို စားဝတ်နေရေး ကြပ်တည်းမှုနှင့် ရင်ဆိုင်နေရတဲ့ လယ်ယာလုပ်သားများနှင့် လက်လုပ်လက်စား ပြည်သူတွေအတွက် လည်း စာနာတဲ့အကူအညီအထောက်အပံ့များ အလျင်အမြန်ရရှိအောင် ဆောင်ရွက်ပေးရန်လိုအပ် နေကြောင်း သိရှိခဲ့ရပါတယ်။ အကူအညီအထောက်အပံ့များပေးရာမှာ အမှန်တကယ်ပျက်စီးဆုံးရှုံးမှုနဲ့ လိုအပ်သူများထံကို တိတိကျကျမှန်မှန်ကန်ကန် ရရှိအောင်စနစ်တကျ ကြပ်မတ်စီမံ ဆောင်ရွက်ပေးဖို့ လည်း လိုအပ်လှပါတယ်။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်ပါ အကြောင်းအရာပါတဲ့ အဆိုကို ၂၅-၈-၂၀၁၄ ရက်နေ့က လွှတ်တော်ရုံးကိုပေးပို့ခဲ့ပါတယ်။ အဲဒီနောက်မှာ ပြည်ထောင်စု

အစိုးရက ပျက်စီးလယ်မြေတစ်ဧကကို ကျပ်တစ်သောင်းနှစ်ထောင်၊ ထိခိုက်တဲ့လယ်မြေတစ်ဧကကို ကျပ်ခြောက်ထောင်နှုန်းနဲ့ ထောက်ပံ့ပေးခဲ့ကြောင်းလည်း သိရှိရပါတယ်။ အဲ့ဒီလို ထောက်ပံ့မှုများ ပေးခဲ့ပေမယ့်လည်း ထောက်ပံ့ပေးတဲ့နှုန်းထားအတိုင်း အပြည့်အဝမရရှိတဲ့လူနဲ့ ထောက်ပံ့မှုလုံးဝမရ ရှိတဲ့ တောင်သူလယ်သမား ၂၄၆၁ ဦးတို့ကနေပြီးတော့ ပျက်စီးထိခိုက်တဲ့ ဧက ၁၀၁၀၂.၇၆ ဧကစာရင်းကို ဖော်ပြပြီးတော့ လက်မှတ်ရေးထိုးတင်ပြလာကြပါတယ်။ ယင်းစာရင်းကို နိုင်ငံတော် သမ္မတကြီးထံကို ၁၅-၉-၂၀၁၄ ရက်နေ့က မေတ္တာရပ်ခံတင်ပို့ပေးခဲ့ပါတယ်။ အလားတူပဲ ပဲခူး၊ ဝေါ၊ ကဝမြို့နယ်တွေမှာလည်း ပျက်စီးထိခိုက်ဧကစာရင်းများကို မြေပြင်ထိစာရင်းကောက်ယူမှုမရှိကြောင်း နှင့်ထောက်ပံ့မှုများမှာ သတ်မှတ်တဲ့နှုန်းအတိုင်း မရရှိကြကြောင်း ကြားသိနေရပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ သနပ်ပင်မြို့နယ်မှာ စိုက်ပြီးတဲ့ဧကက တစ်သိန်း နှစ်သောင်းကျော်ရှိပါတယ်။ ရေလွှမ်းနစ်မြုပ်မှုမှာ စိုက်ပျိုးဧကအားလုံးနီးပါးပဲဖြစ်ပါတယ်။ ရေပြန်ကျ သွားတဲ့နောက် ပြန်လည်ထူထောင်ရေးအတွက် စာရင်းများကောက်တဲ့နေရာမှာ အောက်ခြေ လယ်ကွင်းထဲအရောက် ကွင်းဆင်းကောက်ယူမှုမရှိဘဲနဲ့ စားပွဲပေါ်မှာတင် ခန့်မှန်းလျှော့ပေါ့စာရင်းများ လုပ်ခဲ့တဲ့အတွက် နိုင်ငံတော်က အသိအမှတ်ပြုထုတ်ပြန်ခဲ့တဲ့စာရင်းနဲ့ အမှန်မြေပြင်မှာ ပျက်စီးထိခိုက် မှုစာရင်းများမှာ အလွန်ပဲကွဲလွဲပြီးတော့ လျော့နည်းနေတာကို တွေ့ရပါတယ်။ စာရင်းများမှန်ကန်မှု မရှိတဲ့အတွက် ထောက်ပံ့ပေးမှုမှာလည်း ထိရောက်မှု၊ အကျိုးရှိမှု အလွန်နည်းတာကို တွေ့ရပါတယ်။ အမှန်တကယ် ရေလွှမ်းမိုးနစ်မြုပ် ပျက်စီးထိခိုက်သွားပြီးတော့ လုံးဝထောက်ပံ့မှုမရသေးတဲ့ တောင်သူ လယ်သမားများနဲ့ အနည်းအကျဉ်းသာထောက်ပံ့မှုရတဲ့ တောင်သူလယ်သမားများမှာလည်း အခက် အခဲများစွာနဲ့ကြုံတွေ့နေရဆဲ ဖြစ်ပါတယ်။ အဲ့ဒါကြောင့် တောင်သူလယ်သမားများရဲ့ တင်ပြချက် များကိုလည်းဂရုပြုစစ်ဆေးပြီးတော့ မှန်မှန်ကန်ကန်ဆောင်ရွက်ပေးဖို့ ထပ်မံပြီးတော့ မေတ္တာရပ်ခံ အပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လယ်တစ်ဧက စိုက်ပျိုးစရိတ်ဟာ ကျပ်တစ်သိန်းကျော် ကုန်ကျပါတယ်။ အခု ပျက်စီးလယ်မြေတစ်ဧကကို ကျပ်တစ်သောင်းနှစ်ထောင်နှုန်းနဲ့ ထိခိုက်လယ်မြေတစ်ဧကကို ကျပ်ခြောက်ထောင်နှုန်း ထောက်ပံ့ပေးတာဟာ အလွန်နည်းလွန်းလှပါတယ်။ တောင်သူလယ်သမား တွေရဲ့ ဒုက္ခကို စာနာပြီးတော့ ထိရောက်တဲ့ ထောက်ပံ့မှုများကို ပေးစေလိုပါတယ်။ မဟုတ်လို့ရှိရင် အရပ်ထဲက အတိုးကြီးနဲ့ချေးယူပြီး ပြန်လည်စိုက်ပျိုးကြရမှာဖြစ်လို့ တောင်သူလယ်သမားများမှာ အကြွေးနွံထဲက နစ်သထက်နစ်ကြရမှာပဲ ဖြစ်ပါတယ်။ သဘာဝဘေးများဖြစ်တဲ့အခါမှာ နိုင်ငံတော်

အစိုးရ ထိရောက်တဲ့အကူအညီများ ပေးဖို့လိုအပ်သလို ဘေးဒုက္ခကင်းဝေးအောင်လည်း ကြံဆောင်စဉ်းစားကြရာမှာဖြစ်ပါတယ်။ မိုးများစွာရွာသွန်းတာ၊ ပင်လယ်ရေမြင့်တက်တာတွေကို ကျွန်တော်တို့မကာကွယ်နိုင်သော်လည်း ဇူလိုင်လ၊ ဩဂုတ်လတွေမှာ မိုးများစွာရွာသွန်းတော့မှ၊ ဆည်ကြီးများကျိုးမှာ စိုးရိမ်ရလို့ ရေလျှော့ချရတာမျိုးကိုတော့ မဖြစ်အောင်ကြိုတင်ဆောင်ရွက်သင့်ပါတယ်။ ရာသီကိုကြိုတင်တွက်ချက်ပြီးတော့ ဇွန်လကုန်လောက်ကတည်းက အန္တရာယ်ရှိနိုင်တဲ့ ဆည်တွေကိုရေလျှော့ထားခဲ့သင့်ပါတယ်။ ပြီးတော့ ရေနုတ်မြောင်းတွေနဲ့ ရေတာတမံတွေကို၊ ရေလွှမ်းတတ်တဲ့ဒေသတွေကို အထူးစီမံချက်နဲ့ ထပ်မံပြီးတော့ ဆောင်ရွက်ပေးသင့်တယ်လို့လည်း အကြံပြုတင်ပြအပ်ပါတယ်။ ကျွန်တော်တင်သွင်းလိုတဲ့အဆိုကတော့ မိုးများသည်းထန်စွာ အဆက်မပြတ်ရွာသွန်းခြင်းကြောင့် ပဲခူးတိုင်းဒေသကြီးနှင့် တိုင်းဒေသကြီး/ပြည်နယ်အချို့တို့တွင် ရေကြီးနစ်မြုပ်ပျက်စီးသွားသောလယ်မြေများအား စနစ်တကျစိစစ်၍ တောင်သူလယ်သမားများအတွက် လိုအပ်သောထိရောက်သည့် ကူညီထောက်ပံ့မှုများ အမြန်ဆုံးရရှိအောင် ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရသို့တိုက်တွန်းပါကြောင်းအဆိုအား အလေးအနက် တင်သွင်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။အဆိုကိုထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအားဖိတ်ခေါ်ပါတယ်။

**ဦးစိန်ဝင်း(မအူပင်မဲဆန္ဒနယ်)**။ ။ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲမင်္ဂလာပါခင်ဗျား။ ကျွန်တော်အနေနဲ့ သနပ်ပင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦးရဲ့အဆိုကိုထောက်ခံ ဆွေးနွေးသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဦးမြင့်ဦး ပြောကြားသွားတဲ့အထဲမှာ ရေဘေးဧကစာရင်းနဲ့ပတ်သက်၍ တင်ပြရာမှာ သနပ်ပင်မြို့နယ်စိုက်ဧက ၁၂၀၀၀၀ ကျော်ရှိပြီး အားလုံးနီးပါး ရေလွှမ်းမိုးမှုဖြစ်ပြီး ဧက ၅၀၀၀၀ ကျော်မှာ လုံးဝချက်ချင်း ပျက်စီးသွားကြောင်း၊ ကျန်ဧကများမှာ တဖြည်းဖြည်းချင်း ထိခိုက်ပျက်စီးသွားကြောင်း တစ်နည်းအားဖြင့်ဧက ၁၀၀၀၀၀ ကျော် ပျက်စီးထိခိုက်သွားကြောင်း မှတ်သားကြားသိရပါတယ်။ သနပ်ပင်မြို့နယ်အုပ်ချုပ်ရေးမှူးရဲ့ ဖြစ်ဖြစ်ချင်း ၅-၈-၂၀၁၄ နေ့ အစီရင်ခံစာမှာ လက်တွေ့ကွင်းဆင်းစစ်ဆေးမှုအားနည်းတဲ့အတွက် အကြမ်းအားဖြင့် ခန့်မှန်းဧက ၂၈၀၀၀ ကျော်သာ အထက်ကိုဖော်ပြသဖြင့် မြေပြင်ဖြစ်စဉ်ဧကနှင့် အပေါ်တင်ပြတဲ့ဧကနှုန်းမှာ လွန်စွာခြားနားလျက်ရှိသဖြင့် ရေဘေးထောက်ပံ့မှုမှာမှန်ကန်မျှတစွာ မဆောင်ရွက်နိုင်သဖြင့် ထောက်ပံ့ပေးမှုအားနည်းလျက်ရှိပြီး ရေဘေးလယ်သမားများယခုထိဒုက္ခရောက်လျက်ရှိကြောင်း ဖော်ပြသွားတာတွေ့ရှိရပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ထောက်ပံ့ငွေကြေးနှင့်ပတ်သက်၍ အုပ်ချုပ်ရေးမှူး၏ စာရင်းတွင်ပါရှိသော ရေဘေးလယ်သမားများမှာ အဲ့ဒီလယ်သမားများမှအပ နောက်ပိုင်းမှာ ထိခိုက်ပျက်စီးတဲ့ လယ်သမားများမပါသည့်အတွက် အောက်ခြေတွင် မှန်ကန်မှုတစ်စွာ မထောက်ပံ့နိုင်ကြောင်း အချို့လုံးဝမရရှိကြောင်း ထောက်ပံ့ရာတွင်လည်း ပျက်စီးလယ်မြေတစ်ဧက ၁၂၀၀၀၊ ထိခိုက်လယ်မြေတစ်ဧက ၆၀၀၀ နှုန်း ထောက်ပံ့ပေးခြင်းမှာ အလွန်နည်းပါးကြောင်း လယ်တစ်နှစ်ပျက်စီးလျှင် ၃ နှစ်ထိ ဖာထေး၍မရကြောင်း၊ တစ်နည်းအားဖြင့် လယ်တစ်ဧကပျက်စီးလျှင် ၁ သိန်းခွဲမှ ၂ သိန်းခွဲအထိ စိုက်ပျိုးစရိတ်ရှိ၍ ၂ သိန်းနီးပါးက ဆုံးရှုံးလျက်ရှိပါသဖြင့် ထောက်ပံ့ငွေ ၁၀၀၀၀ ဆုံးရှုံးတာက ငွေနှစ်သိန်းဖြစ်တဲ့အတွက် တစ်နည်းအားဖြင့် အဆ ၂၀ လျော့နည်းသည့်အပြင် ပြန်လည်အစားထိုး၍ စိုက်ပျိုးနိုင်သော ထောက်ပံ့မှုမျိုးမဖြစ်တဲ့အတွက် ထပ်မံထောက်ပံ့ပေးဖို့ လိုအပ်လျက်ရှိကြောင်း ဆွေးနွေးသွားတာကို တွေ့ရပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ခြုံငုံပြီးတင်ပြရလျှင် ရေဘေးပျက်စီးမှုဧကနှင့် တင်ပြဆောင်ရွက်မှုဧက ကွာခြားလျက်ရှိပြီး ရေဘေးလိုအပ်ချက်ပမာဏနှင့် ထောက်ပံ့မှုပမာဏမှာ လွန်စွာခြားနားလျက်ရှိကြောင်း ထပ်မံလိုအပ်နေပါသဖြင့် ထောက်ပံ့ကူညီမှုများ အချိန်မီအမြန်ဆုံးဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို မအူပင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကျွန်တော်ဦးစိန်ဝင်းမှ လေးလေးနက်နက် ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကို လေးစားပါတယ်။

**ဥက္ကဋ္ဌ**။ ။ အဆိုနဲ့ပတ်သက်ပြီး ဆွေးနွေးရန်ရှိက ဆွေးနွေးရန် ဖိတ်ခေါ်ပါတယ်။ ခုနက တစ်ယောက်ထပါတယ်။ ဦးမြင့်ရွှေ။

**ဦးမြင့်ရွှေ(ဝေါမဲဆန္ဒနယ်)**။ ။ ဟုတ်ကဲ့။ အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ဝေါမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ရွှေဖြစ်ပါတယ်။ သနပ်ပင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦးရဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ ဝေါတို့၊ သနပ်ပင်တို့၊ ကဝတို့ဆိုတာ ပဲခူး-စစ်တောင်းတူးမြောင်းရဲ့ တစ်ဖက်တစ်ချက်မှာ တည်ရှိနေတဲ့ မြို့နယ်တွေဖြစ်ပါတယ်။ ကျွန်တော်တို့ ဝေါမြို့နယ်ဟာ ဆိုလို့ရှိရင် ဒယ်အိုးဖင်ပုံသဏ္ဍာန်မျိုး မြန်မာနိုင်ငံအောက်ပိုင်းရေကြီးတဲ့ အရပ်ဒေသတွေဖြစ်တဲ့ ဧရာဝတီတို့၊ ပဲခူးတို့အစရှိတဲ့ တိုင်းဒေသကြီးတွေမှာဆိုလို့ရှိရင် ပဲခူးတိုင်းဟာပိုပြီးတော့ ရေနစ်မြုပ်မှုများပါတယ်။ ဒီကြားထဲမှာ ဝေါမြို့နယ်က အဲဒီထဲမှာ ပိုဆိုးပါတယ်။ သူက ဒယ်အိုးဖင် ပုံသဏ္ဍာန်ဖြစ်တဲ့အတွက်ရေကြီးပြီဆိုလို့ရှိရင် သူက အရင်ဆုံးကြီးတဲ့နေရာပါ။ အလားတူပဲ အနီးနားမှာလည်း

မိုးယွန်းကြီးဆည်၊ ပဂိုင်တာ ဒါတွေနဲ့ အကာအကွယ်တွေပေးထားပါတယ်။ အဲဒီတော့ အဲဒီမှာ မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းခြင်းကြောင့်ဆိုတဲ့ သဘာဝအန္တရာယ်ကိုတော့ ကျွန်တော်တို့ မိုးကိုတော့ တားလို့မရပါဘူး။ ဒါပေမယ့် အဲဒီအတွက်ကို ကြိုတင်ကာကွယ်တဲ့အနေနဲ့ ကျွန်တော်တို့ တူးမြောင်းတို့၊ ချောင်းတို့ကို ဆောင်ရွက်ပေးတဲ့အတွက် ဒီပြီးခဲ့တဲ့ရာသီမှာဆိုလို့ရှိရင် နိုင်ငံတော်အစိုးရ ကနေပြီးတော့ ၂၅ ဘီလီယံ အကုန်ခံပြီးတော့ ပဲခူး-စစ်တောင်းတူးမြောင်းကြီးကို ပြန်ပြီးတော့ဖော်ပေး တဲ့အတွက်လည်း ရေကြီးတဲ့ကိစ္စဟာတော်တော် သက်သာသွားပါတယ်။ အလားတူပဲ တိုင်းဒေသကြီး ကလည်းသူ့အစီအစဉ်နဲ့သူ ချောင်းမြောင်းတွေကို ဖော်ပေးတဲ့အတွက် အခြေအနေကတော့ ကျွန်တော်တို့ ဒီဟာလေးတွေကို ကြိုတင်ပြီးတော့ပေါ့နော်၊ ဆောင်ရွက်ပေးထားတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်။ အဲဒီမှာ ရေကြီးတဲ့ကိစ္စကတော့ ဒီနှစ်ပြောရမယ်ဆိုရင်တော့ အခါတိုင်းလိုပဲ ရေကတော့ကြီးပါတယ်။ ဒါပေမယ့် အတိုင်းအတာတစ်ခုထိကတော့ နည်းနည်းသက်သာသွားပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဒီရေကြီးတဲ့အတွက် ကျွန်တော်တို့ကိုယ်တိုင်လည်းပဲ ရွာတွေကို ဆင်းပါတယ်။ ဆင်းပြီးတဲ့အခါကျတော့ ကြည့်တယ်။ နောက်အုပ်ချုပ်ရေးမှူး ကိုယ်တိုင်လည်းပါတဲ့အတွက် ကျွန်တော်လည်းပြောပါတယ်။ ဒီ ထိခိုက်ပျက်စီးတဲ့လယ်ဧကတွေ၊ ထိခိုက်တဲ့ဟာတွေကို မနှစ်ကလည်း အဲလိုပဲ အလားတူဖြစ်တဲ့အခါကျတော့ လျော်ကြေးရတဲ့လူနဲ့၊ မရတဲ့သူနဲ့ အဲဒီမှာ ပြဿနာတွေဖြစ်ကြ တယ်။ ဒီနှစ်လည်း အဲလိုမဖြစ်ပါစေနဲ့ဆိုပြီးတော့ ကျွန်တော်က ကြိုပြီးတော့ ပြောထားပါတယ်။ ပြောထားတဲ့အတွက် သူလည်း ကတိပေးပါတယ်။ အဲလိုနဲ့ ကျွန်တော်တို့ ဩဂုတ်လ ၇ ရက်လောက်မှာ ဆိုရင် ရေကြီးတဲ့ ရေကယ်ဆယ်ရေးလုပ်ရင်းနဲ့ စာရင်းဇယားတွေကိုလည်း သေချာကောက်ဖို့တို့၊ အကြွင်းအကျန်မရှိဖို့တို့ ကျွန်တော်တို့ ပြောခဲ့ပါတယ်။ ပြောတဲ့အခါကျတော့ သူတို့ကလည်း ဩဂုတ်လ ၁၃ ရက်နေ့မှာ စာရင်းတွေကို တိုင်းကနေတောင်းတဲ့အခါကျတော့ တိုင်းကိုတင်ပေးရပါတယ်တဲ့။ နောက်တော့ လျော်ကြေးတွေက ဘယ်တော့ပေးလဲဆိုတော့ ၂၆ ရက်နေ့တစ်ကြိမ်၊ ၃၁ ရက်နေ့ တစ်ကြိမ်ပေးပါတယ်တဲ့။ ဘယ်လောက်နှုန်းနဲ့ပေးလဲဆိုတော့ ပျက်စီးလယ်ဧကကတော့ တစ်ဧကကို ၁၂၀၀၀ နှုန်း၊ ထိခိုက်လယ်ဧကကတော့ ၆၀၀၀ နှုန်းနဲ့ပေးပါတယ်တဲ့။ အဲတော့ ကျွန်တော်တို့ ဝေါမြို့နယ်က ဘယ်လောက်ရှိသလဲ မေးတဲ့အခါကျတော့ ပျက်စီးတာ ဧက ၅၃၀၀ ကျော်ဖြစ်တဲ့ အတွက် လျော်ကြေးငွေ သိန်းပေါင်း ၅၅၇ သိန်းကျော်ရပါတယ်တဲ့။ အဲဒါဆို စနစ်တကျ ပေးပြီးပြီလား၊ ပေးပြီးပြီလို့လည်း ပြောပါတယ်။ ဒါပေမယ့် နောက်ပိုင်းက ဘယ်လိုတွေဖြစ်လာလဲဆိုတော့ ကျွန်တော့်ဆီလည်း ကျွန်တော်ဒီလွှတ်တော်ကို မလာခင်မှာဆိုလို့ရှိရင် လက်မှတ်တွေထိုးပြီးတော့ တင်ကြပါတယ်။

**မူကြမ်း**

အဲ့ဒါဘာလဲဆိုရင် သူတို့မရဘူးပေါ့။ ဘာဖြစ်လို့ မရတာလဲ။ အကျိုးအကြောင်းကို ပြန်ပြီးတော့ ကြည့်လိုက်တဲ့အခါကျတော့ ကျွန်တော်လည်း အုပ်ချုပ်ရေးမှူးကို မေးပါတယ်။ ဘာဖြစ်လို့ ခင်ဗျားတို့ မပေးတာလဲ။ ဆရာကြီး သူတို့က နောက်ပိုင်းမှလာတဲ့အခါကျတော့ ကျွန်တော်က စာရင်းကအရင် စာရင်းတွေမမီတော့တဲ့အတွက် မပေးဖြစ်တာပါတဲ့။ ဒါဖြင့် ခင်ဗျား ဘယ်လိုလုပ်မလဲ။ ထပ်တော့ ကျွန်တော်တင်ပေးပါ့မယ်တဲ့။ အဲ့တော့ အဲ့ဒီနေရာမှာ ကျွန်တော်တို့ ခုနက ဦးမြင့်ဦးပြောသွားတဲ့အထဲ မှာလည်းပါပါတယ်။ ကျွန်တော်တို့ ပျက်စီးသွားတဲ့ လယ်များ စနစ်တကျ စိစစ်၍ဆိုတာ အဲဒီစနစ်တကျ စိစစ်တဲ့ အစိတ်အပိုင်းမှာတော့ အားနည်းချက်လေးတွေရှိပါတယ်။ ဒါလည်းပြောမယ်ဆိုရင်တော့ သူတို့အုပ်ချုပ်ရေးပိုင်းကိုလည်း ကျွန်တော်ကိုယ်တိုင်ဆင်းတော့ ကျွန်တော်တို့လည်းသိပါတယ်။ စာရင်းတစ်ခုကိုရဖို့ဆိုတာ သူတို့မြို့နယ်က အဖွဲ့အစည်းတစ်ခုလေးသက်သက်နဲ့ လုပ်လို့တော့ မရပါဘူး။ အဲဒီတော့ ဘာတွေကို အခြေခံရလဲဆိုရင် ရပ်ကွက်ကျေးရွာတွေကို အခြေခံရပါတယ်။ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးတွေကို အခြေခံရတဲ့အခါကျတော့ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူး တွေထဲမှာလည်းပဲ ဘယ်လိုတွေရှိကြလဲဆိုတော့ တချို့ အုပ်ချုပ်ရေးမှူးတွေကလည်း ဒီလောက်အတိုင်း အတာလေးတွေနဲ့ကွာ မတင်ပါနဲ့တော့။ အဲဒီတော့ ၃ ဧက၊ ၄ ဧက၊ ၅ ဧကနဲ့ တစ်ရွာလုံးခြုံလိုက်မှ ဧကလေး ၃၀ ဧက၊ ၄၀ ဧက လောက်လေးမတင်တော့ ဘူး။ တချို့အုပ်ချုပ်ရေးမှူးတွေကျတော့လည်း ရမယ့်ရလို့ရှိရင် ကိုယ့်ရွာသားတွေရတာပဲဆိုပြီးတော့ အကုန်ဘာလုပ်လဲဆိုတော့ ရှိတဲ့ဧကတွေ တချို့ဆိုရင် စိုက်တောင်မစိုက်ရသေးဘူး။ ထွန်တောင် မထွန် ရသေးဘူး။ ကျဲတောင်မကျဲရသေးဘူး။ အပျက်ထဲပြတဲ့ဟာတွေလည်း ရှိပါတယ်။ ဒါကတော့ ဆိုလို တာကတော့ ကျွန်တော် အကုန်လုံးကို ဝါးလုံးရှည်နဲ့ သိမ်းကျုံးပြီးပြောတာမဟုတ်ပါဘူး။ တကယ်ပျက်စီး တဲ့သူတွေကလည်း တကယ်ပျက်စီး ပါတယ်။ ဒါတချို့ကျတော့လည်း တကယ်မပျက်စီးဘဲနဲ့ ဘာလဲဆိုတော့၊ အဲဒီလို စာရင်းဇယားတွေ လည်းရှိပါတယ်။ ရှိတဲ့အခါကျတော့ မြို့နယ်ကလည်း သူတို့ ကိုယ်တိုင်မကြီးကြပ်နိုင်၊ မဆင်းနိုင်တဲ့အခါ ကျတော့ ဆင်းဖို့ဆိုတဲ့ဟာကလည်း ဘာကြောင့်လဲဆိုတော့ ရေကြီးနေတဲ့အချိန်အခါမှာ သွားမယ်ဆိုရင် ရပ်ကွက်ကျေးရွာအားလုံး ၆၀ ရှိတယ်။ ရွာပေါင်းက ၁၃၀ လောက်ရှိတဲ့အခါကျတော့ သူတို့အကုန် မဆင်းနိုင်ဘူး။ မဆင်းနိုင်တဲ့အခါကျတော့ ဘာလို့လဲဆိုတော့ အဲဒီစာရင်းဇယားတွေကိုပဲ တောင်းတဲ့ အခါကျတော့လည်းပဲ တိုင်းတို့၊ ခရိုင်တို့ကတောင်းတဲ့အခါကျတော့ အချိန်က ၂ ရက်၊ ၃ ရက် အတွင်းမှာ တစ်ခါတလေကျရင် နေ့ချင်းပြီးတောင်းတဲ့အခါကျတော့ သူတို့ကလည်း ရှိတဲ့စာရင်းနဲ့ အကုန်ချုပ်ပြီးပေးလိုက်တယ်။ ပေးတဲ့အခါကျတော့ ဘာတွေဖြစ်လာလဲ ဆိုရင် တကယ့်တကယ် ပျက်စီးတာ ဧကဟာ ၂၀၀၀၀ လောက်ပျက်စီးသွားတယ်။ ဒါပေမယ့် စာရင်းက ဘယ်လောက်ရှိသလဲ

ဆိုရင် ဧကဟာ ၅၀၀၀ ကျော်ပဲဖြစ်တယ်ဆိုတဲ့အခါကျတော့ ခြားနားမှုတွေဖြစ်သွားရော။ ဖြစ်တဲ့အခါကျတော့ သူတို့ကရတဲ့အခါကျတော့ အလွဲသုံးစားတော့ လုပ်တာတော့ သူတို့မရှိပါဘူး။ ဒါပေမယ့် ပေးရမှာက ဧက ၂၀၀၀၀ လောက်အတွက်ကိုပေးရမှာ။ သူတို့ရတဲ့ငွေက ဧက ၅၀၀၀ လောက်ပဲဆိုတဲ့အခါကျတော့ အဆကနည်းသွားပြီးတဲ့အခါကျတော့ ရတဲ့ဟာကိုပဲ သူတို့က ထိခိုက်တာရော၊ ပျက်စီးတာတွေကော ရောပြီးတော့ တစ်ဧကကိုမှ ၁၀၀၀ အစရှိသဖြင့် ၈၀၀ အဲဒီလို ပေးတဲ့အခါကျတော့ ဘာမှထိရောက်မှုလည်းမရှိဘူးဖြစ်သွားပါတယ်။ အဲဒါကြောင့်မို့လို့ ဦးမြင့်ဦး ပြောသလိုပဲ စနစ်တကျစိစစ်၍ဆိုတာ ပျက်သွားတဲ့လယ်တွေ စနစ်တကျစိစစ်ဖို့အခြေအနေလေး တစ်ရပ်ကတော့ လိုပါတယ်။ နောက်အလားတူပဲ ဒီလို ကုန်တာက တစ်ဧကရဲ့ စရိတ်က သိန်းကျော်ဖြစ်ပြီးတော့ ရတဲ့ဟာက တကယ့်တကယ်ပေးတာတောင်မှ တရားဝင်ပေးတာတောင်မှ ၁၂၀၀၀ ပဲပေးတယ်ဆိုတော့ ဒါလည်း မလောက်ဘူး။ ပိုပြီးတော့ဆိုးတာက အကုန်ရတဲ့ဟာတွေကို မွေပြီးတော့ ပျမ်းမျှနဲ့တွက်ပြီးတော့ ပေးလိုက်တဲ့အခါကျတော့ အခြေအနေက ပိုဆိုးသွားပါတယ်။ ဒါကြောင့်မို့လို့ တကယ့်တကယ်ကတော့ အလုပ်လုပ်မယ်ဆိုလို့ရှိရင်တော့ အလုပ်တိုင်းဟာဆိုလို့ရှိရင်တော့ စနစ်တော့လိုပါတယ်။ တိကျဖို့လည်းလိုပါတယ်။ အလားတူပဲ ကိုယ်ပေးတဲ့ နိုင်ငံတော်ကနေပေးတဲ့ ငွေကြေးတွေကလည်း ထိရောက်ဖို့လည်းလိုပါတယ်။ တကယ်ပျက်စီးသွားတဲ့ လယ်သမားက တကယ်ပျက်စီးတာပါ။ အဲဒါကြောင့်မို့လို့ နောက်တစ်ခါ စာရင်းဇယားနဲ့ပတ်သက်လို့ကလည်း ခက်တာက လယ်ရဲ့သဘာဝက ကျွန်တော်လည်း လယ်သမားသားသမီးပါ။ လယ်ဆိုတာက ချက်ချင်းနစ်ပြီးချက်ချင်းသေတဲ့ သဘောမဟုတ်ပါဘူး။ သူတို့က တစ်ပတ်တန်သည်၊ ၁၀ ရက်တန်သည် နေတဲ့အခါကျတော့မှ ရေမကျတဲ့အခါကျတော့ အပင်ရင့်လို့ရှိရင် အတိုင်းအတာတစ်ခုအထိ ၁၀ ရက်၊ ၁၅ ရက်အထိ ခံနိုင်ပေမယ့် အပင်နုတဲ့ဟာတွေကျတော့ ချက်ချင်းရေကြီးပြီးတော့ ပျက်စီးသွားတာလည်းရှိပါတယ်။ ဒါကြောင့်မို့လို့ စာရင်းတောင်းတဲ့အခါမှာလည်း တိုင်းတို့၊ ခရိုင်တို့ကလည်း အမှန်က သူတို့ကလည်း အမြန်ပေးချင်တဲ့ သဘောတော့ရှိမှာပေ့ါ။ ဒါပေမယ့် မြို့နယ်ကလည်း အခက်အခဲရှိတယ်။ မြို့နယ်ကလည်း ရပ်ကွက်ကျေးရွာတွေကို အခြေခံရတာဖြစ်တဲ့အချကျတော့ အဲဒီမှာ စာရင်းဇယားတွေ ဖရိုဖရဲဖြစ်မှုဟာလည်းပဲ ဒီလုပ်ငန်းလုပ်တဲ့အခါမှာ အခက်အခဲရှိတဲ့ဆိုတာကို ကျွန်တော်တို့ကိုယ်တွေ့အရ ကျွန်တော်သိရပါတယ်။ အဲဒါကြောင့်မို့လို့ ဒီကိစ္စတွေနဲ့ပတ်သက်ပြီးတော့ ဆောင်ရွက်တဲ့အခါကျရင် ဒီသဘာဝဘေးအန္တရာယ်တွေကို ကြိုတင်ပြီးတော့ တားဆီးပေးထားတဲ့ ကိစ္စတွေလည်းရှိသလို ဖြစ်လာတဲ့ဟာကိုလည်းပဲ အချိန်မီဆောင်ရွက်ဖို့ကို သက်ဆိုင်ရာမြို့နယ်လိုဟာမျိုးကိုလည်းပဲ အချိန်ကိုပေးပြီးတော့ လက်ရှိအဖွဲ့အစည်းနဲ့ မရလို့ရှိရင် ကျန်တဲ့အဖွဲ့အစည်းတွေနဲ့ ဌာနဆိုင်ရာနဲ့ပူးပေါင်း ပြီးတော့

စာရင်းတွေကောက်ပြီးတော့ ထိရောက်တဲ့အကူအညီပေးမယ်ဆိုရင်တော့ အကောင်းဆုံးဖြစ်ပါလိမ့်မယ်။ ဒါဟာ တကယ်လည်း လိုအပ်တဲ့အဆိုဖြစ်တဲ့အတွက်၊ တကယ်လည်း ဆောင်ရွက်ပေးသင့်တဲ့အဆိုဖြစ်တဲ့အတွက် ဦးမြင့်ဦးရဲ့ ဒီအဆိုကို လေးလေးနက်နက်ထောက်ခံကြောင်း ထောက်ခံအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ အဆိုနှင့်စပ်လျဉ်းပြီး သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ရှင်းလင်းဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးခင်ဇော်(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးခင်ဇော်ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦး၏အဆိုအား လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနကိုယ်စား ကျွန်တော်ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်အတွင်း ၂၀၁၄ ခုနှစ် ဩဂုတ်လဆန်းမှစတင်၍ မိုးအဆက်မပြတ်ရွာသွန်းခြင်းကြောင့် ပုံမှန်ရွာသွန်းမြဲမိုးရေချိန်ထက် ပိုမိုခဲ့ခြင်း၊ ရေထရက်နှင့်ကြုံကြိုက်၍ ပဲခူးမြစ်ရေမြင့်တက်ခြင်းတို့ကြောင့် ပဲခူးခရိုင်အတွင်းရှိ ပဲခူး၊ ဝေါ၊ သနပ်ပင်၊ ကဝမြို့နယ်များ၌ ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၆ ရက်နေ့မှ ဩဂုတ်လ ၁၄ ရက်နေ့အထိ ရေကြီးနစ်မြုပ်မှုများဖြစ်ပေါ်ခဲ့ပါတယ်။ ကာလတူနှိုင်းယှဉ်ချက်များအရ ပဲခူးခရိုင်အတွင်း ယခုနှစ် ဩဂုတ်လ ၈ ရက်နေ့အထိ မိုးရွာသွန်းမှုမှာ ယခင်နှစ်ဩဂုတ်လ ၈ ရက်နေ့ထက် မိုးရွာရက် ၂ ရက် ပိုမိုရွာသွန်းခဲ့ပြီး မိုးရေချိန်အားဖြင့် ၁၄.၇ လက်မ ပိုမိုရွာသွန်းခဲ့ပါတယ်။ ပဲခူးခရိုင် အတွင်း ဖြတ်သန်းစီးဆင်းနေသော ပဲခူးမြစ်၊ စစ်တောင်းမြစ်နှင့် ရွှေကျင်ချောင်းတို့သည်လည်း ယခင်နှစ်ဩဂုတ်လ စိုးရိမ်ရေအမှတ်ထက် ကျော်လွန်ခဲ့ပါတယ်။ ၁၃-၈-၂၀၁၄ ရက်နေ့ကောက်ယူပြုစုခဲ့သော စာရင်းများအရ ၂၄-၇-၂၀၁၄ ရက်နေ့မှ ၈-၈-၂၀၁၄ ရက်နေ့အထိ ၁၆ ရက်ကြာ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် စိုက်ပျိုးပြီးမိုးစပါး ၁၄၇၉၇၆ ဧက ရေလွှမ်းခဲ့ရာ ၁၀၁၈၅၅ ဧကမှာ ရေပြန်ကျကာ ၆၀၁၉၆ ဧက ထိခိုက်ခဲ့ပြီး ၁၁၀၉၆ ဧက ပျက်စီးခဲ့ပါတယ်။ ကျန် ၄၁၀၂၁ ဧကမှာ ၁၃-၈-၂၀၁၄ ရက်နေ့အထိ ရေလွှမ်းဆဲဖြစ်ပြီး အဆိုပါစိုက်ဧကများမှာ ၁၆ ရက်ကြာ ရေလွှမ်းခံရသဖြင့် အားလုံးပျက်စီးသောဧကအဖြစ် သတ်မှတ်၍ ပျက်စီးဧကစုစုပေါင်း ၅၇၂၁၇ ဧကရှိခဲ့ပါတယ်။ ၎င်းပျက်စီးဧက ၅၇၂၁၇ ဧကအတွက် တစ်ဧကလျှင် မျိုးစပါး ၁.၅ တင်းနှုန်း၊ ခန့်မှန်း

ငွေကျပ် ၁၂၀၀၀ ဖြင့် လည်းကောင်း၊ ထိခိုက်ဧက ၆၀၁၉၆ ဧကအတွက် တစ်ဧကလျှင် ငွေကျပ် ၆၀၀၀ နှုန်းဖြင့် လည်းကောင်း စုစုပေါင်းခန့်မှန်းကုန်ကျငွေ ကျပ်သန်းပေါင်း ၁၀၄၇.၇၈ အား နိုင်ငံတော် သီးသန့်ရန်ပုံငွေမှ ထောက်ပံ့ပေးနိုင်ပါရန် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပြည်ထောင်စုအစိုးရအဖွဲ့ သို့ တင်ပြခဲ့ပါတယ်။ နိုင်ငံတော်မှထောက်ပံ့ပေးခဲ့သည့် ထောက်ပံ့ငွေအားကွင်းဆင်းစိစစ်၍ လက်ရှိ အမှန်ထိခိုက် ပျက်စီးဧကများအား ထောက်ပံ့ပေးနိုင်ခဲ့ပါတယ်။ တာဝန်ရှိသူများမှ အဖွဲ့ဖွဲ့စည်း၍ စနစ်တကျ မှတ်တမ်းကောက်ယူပြီး စာရင်းအမှန်ဖြင့်သာ ထောက်ပံ့ပေးခဲ့ခြင်းဖြစ်ပါတယ်။ ထောက်ပံ့ ပေးမှုကျန်ခဲ့ပါက သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်စုအဆင့် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့နှင့် စိုက်ပျိုးရေးလုပ်ငန်းညှိနှိုင်းမှုအဖွဲ့များမှတစ်ဆင့် တင်ပြလာပါက ဆောင်ရွက်ပေးလျက်ရှိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပဲခူးခရိုင်အတွင်း ရေကြီးနစ်မြုပ်မှု ကာကွယ်ရန် အတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများအနေဖြင့် ပဲခူးမြစ်တစ်လျှောက် သဲသောင်ခုံ ၁၁ ခုကို ဖယ်ရှားပေးခြင်း၊ ပဲခူးမြစ်အတွင်းစီးဝင်လျက်ရှိသော စလူချောင်း၊ ကိုယ်တူကွဲချောင်း၊ ရွှေလှော်င်း ချောင်း ချောင်းသုံးချောင်းကို တမံပိတ်၍ ရေသိုလှောင်မှုဆောင်ရွက်ထားခြင်း၊ ပဲခူး-စစ်တောင်းတူး မြောင်းအား အဆင့်မြှင့်တင်ပြုပြင်တူးဖော်ခြင်းလုပ်ငန်းများနှင့် ချောင်းဟောင်း၊ မြောင်းဟောင်းများ တူးဖော်ခြင်း၊ ရေတံခါး၊ ရေကာတာများပြုပြင်ဆောင်ရွက်ပေးခြင်းတို့ကြောင့် ထိခိုက်ဆုံးရှုံးမှုလျော့နည်း ခဲ့ခြင်းဖြစ်ပါတယ်။ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ရေကြီးနစ်မြုပ်မှု ဖြစ်ပေါ်သည့်နယ်မြေများသို့ အချိန်တိုအတွင်း ကွင်းဆင်းစစ်ဆေးပြီး ပြန်လည်ထူထောင်ရေးအတွက် ထောက်ပံ့ငွေများကို ရေကျ ပြီးချိန် အနည်းငယ်အတွင်း တောင်သူလယ်သမားလက်ဝယ်သို့ ထုတ်ပေးခဲ့ပါတယ်။ ထောက်ပံ့ငွေ ထုတ်ပေးပြီးစီးမှုကို နိုင်ငံပိုင်ရုပ်မြင်သံကြားအစီအစဉ်နှင့် သတင်းစာ၊ ဂျာနယ်များတွင် ဖော်ပြပါရှိပြီး ဖြစ်ပါတယ်။ ဒေသခံပြည်သူများမှလည်း ဤသို့နိုင်ငံတော်နှင့်ဒေသအစိုးရအဖွဲ့၏ လျင်မြန်သည့် အရေးယူဆောင်ရွက်ထောက်ပံ့ပေးမှုအပေါ် ဝမ်းသာကြည်နူးလျက်ရှိပါတယ်။ တိုင်းဒေသကြီးအစိုးရ အဖွဲ့အနေဖြင့် ပြည်သူလူထု၏လိုအပ်ချက်များအား မည်သူတစ်ဦးတစ်ယောက်၏ တိုက်တွန်းချက်ကို မျှ စောင့်ဆိုင်းဆောင်ရွက်ခြင်းမဟုတ်ဘဲ မိမိတို့ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်ကို အချိန်နှင့် တစ်ပြေးညီ ပြည်သူလူထု၏အကျိုးအတွက် အားသွန်ခွန်စိုက်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် မိုးဦးလေဦးနှင့် မိုးတွင်းကာလများ တွင် ဖြစ်ပေါ်လေ့ရှိသော သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်သည့် နှိုးဆော်ချက်များအား နိုင်ငံ ပိုင်ရေဒီယိုအသံလွှင့်အစီအစဉ်နှင့် ရုပ်မြင်သံကြားအစီအစဉ်များတွင်လည်းကောင်း၊ တောင်သူ

လယ်သမားကဏ္ဍရုပ်သံလိုင်း (Farmer Channel) တွင်လည်းကောင်း၊ Sky Net ရုပ်သံလိုင်း Agri and Livestock Chennel နှင့် နိုင်ငံပိုင်သတင်းစာများတွင်လည်းကောင်း နှိုးဆော်ချက်များ ထုတ်ပြန်ပေးခြင်း၊ ရေကြီးနစ်မြုပ်ခြင်းဖြစ်ပေါ်ပါက ရေပြန်ကျချိန်တွင် ဖြစ်ပွားတတ်သော ပိုးမွှား ရောဂါကာကွယ်ရေးလုပ်ငန်းများ ပညာပေးဆောင်ရွက်ခြင်း၊ စိုက်ပျိုးရေးဦးစီးဌာနရုံးချုပ် ပညာရှင်များအဖွဲ့မှ ရေကြီးနစ်မြုပ်မှုမဖြစ်ပေါ်မီနှင့် ဖြစ်ပေါ်ပြီး အနီးကပ်ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးခြင်းတို့ကို သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပူးပေါင်းကူညီဆောင်ရွက်ပေးလျက်ရှိပါသဖြင့် ကိုယ်စားလှယ်တော်ကြီး၏အဆိုအား မှတ်တမ်းတင်ထားရှိပေးပါရန် ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးလေးစားပါတယ်။

**ဥက္ကဋ္ဌ**။ ။ အဆိုရှင်ရဲ့သဘောထားပြောပါ။

**ဦးမြင့်ဦး(သနပ်ပင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဝန်ကြီးကနေပြီးတော့ ရှင်းသွားတဲ့အထဲမှာ ကျွန်တော်တို့ စနစ်တကျကွင်းဆင်းစစ်ဆေးပြီးတော့ စာရင်းကောက်ယူမှုမရှိခဲ့တဲ့အတွက် တောင်သူလယ်သမား ၂၄၆၁ ဦးကနေပြီးတော့ သူတို့ရဲ့မရတဲ့ဧကတွေ၊ ပြည့်ပြည့်ဝဝမှန်မှန်ကန်ကန်မရတဲ့ဧက တွေကို ဖော်ပြပြီးတော့ ကျွန်တော့်ဆီကိုတင်ပြလာတဲ့အတွက် ကျွန်တော်က နိုင်ငံတော်သမ္မတကြီးဆီကို ၁၅-၉-၂၀၁၄ ရက်နေ့ကနေ ကျွန်တော်ပေးပို့ထားတာရှိပါတယ်။ အဲ့ဒီအတွက်လည်း ပြန်ပြီးတော့ ပြောပြသွားတာမရှိပါဘူး။ အဲ့ဒီစာရင်းကို ကျွန်တော်က တိုင်းဒေသကြီးဝန်ကြီးချုပ်ဆီကိုလည်း ပို့ပေးထားပါတယ်။ အဲ့ဒီတော့ ခုနတုန်းက ကွင်းဆင်းစစ်ဆေးပြီးတော့ လယ်သမားများလက်ဝယ်ကို ပံ့ပိုးပေးဖို့ဆိုတဲ့ကိစ္စနဲ့ပတ်သက်လို့ ကွင်းဆင်းပြီးတော့စစ်ဆေးတာကတော့ အမှန်တကယ်ပဲ မရှိပါဘူး။ တချို့ရွာတွေအထိရောက်လာပေမယ့်လည်း လယ်ကွင်းထဲအထိ ခေါ်ကြည့်လို့လဲမရပါဘူး။ ရွာတော်တော်များများကို မဆင်းနိုင်ပါဘူး။ အဖွဲ့ခွဲပြီးတော့ ဆင်းစစ်တာလည်းမရှိပါဘူး။ ပေးတဲ့အခါမှာတော့ အဖွဲ့ခွဲပြီးတော့ ဒီရွာတွေအရောက်ပေးတာတော့ ကျွန်တော်တို့တွေ့ရပါတယ်။ အဲ့ဒီအခါမှာလည်း ခုနတုန်းက ဝေါကနေပြီးတော့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသလိုပဲ ပေးတဲ့ငွေက ပမာဏကနည်းတယ်။ ဧကပျက်တာပေးတာနည်းတဲ့အတွက် လယ်သမားတွေက မမျှမတဖြစ်တဲ့အခါကျတော့ လယ်သမားအားလုံးကို ရတဲ့ငွေနဲ့ လယ်သမားဦးရေနဲ့စားပြီးတော့ တချို့လယ်သမားတွေက ၁၀ ဧကလောက်ပျက်တာကို ၅၀၀၀ လောက်ရတာ၊ ၆၀၀၀ လောက်ရတာရှိပါတယ်။ ဒါတွေက သာဓကတွေက ပြစရာအများကြီးရှိပါတယ်။

တချို့ကျေးရွာတွေက ဧကပျက်တာက အမှန်တကယ်ပျက်တာ ဧက ၁၀၀၀ ရှိတယ်။ ၁၅၀၀ ရှိတယ်။ အဲ့ဒီဟာကို တင်ပြတဲ့အခါမှာလည်း ဆင်းစစ်ပြီးတော့ စစ်ဆေးတာမရှိဘဲနဲ့ ဧကတွေကို ဖြတ်ပစ်ပါတယ်။ လျှော့ပစ်ပါတယ်။ သူတို့ ဒီလိုတင်ရင်လည်း ရမှာမဟုတ်ဘူး။ နိုင်ငံတော်က မပေးနိုင်ဘူးဆိုတာမျိုးနဲ့ အဲ့ဒါတွေကို တိတိကျကျမှန်မှန်ကန်ကန် ပြန်ပြီးတော့ ကျွန်တော်တို့က စစ်ဆေးပြီးတော့ ထပ်ပြီးတော့ ဆောင်ရွက်ပေးစေလိုပါတယ်။ တကယ်လို့ အဲ့ဒီ တောင်သူလယ်သမား ၂၀၀၀ ကျော်ကနေပြီးတော့ တင်ပြထားခဲ့တဲ့စာရင်းအတိုင်း ကွင်းဆင်းပြီးတော့ ပြန်လည်စစ်ဆေးပြီးတော့ မှန်မှန် ကန်ကန်မရသေးတဲ့ဟာတွေကို ရအောင်ဆောင်ရွက်ပေးမယ်ဆိုရင်တော့ ကျွန်တော့်အဆိုကို မှတ်တမ်း တင်ဖို့လို့ လက်ခံနိုင်ပါတယ်။ အဲ့ဒါ ဝန်ကြီးကိုလည်း ကျွန်တော်က အဲ့ဒီဟာလေးကို ထပ်ပြီးတော့မေးချင်ပါတယ်။

**ဦးခင်ဇော်(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြတဲ့အတိုင်း ကျွန်တော်တင်ပြတဲ့အထဲမှာ လည်းပါပါတယ်။ တာဝန်ရှိသူများမှ အဖွဲ့ဖွဲ့စည်း၍ စနစ်တကျမှတ်တမ်းကောက်ယူပြီး စာရင်းအမှန်ဖြင့်သာ ထောက်ပံ့ပေးခဲ့ခြင်းဖြစ်ပါတယ်။ ထောက်ပံ့ပေးမှုကျန်ခဲ့ပါက သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်စုအဆင့် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့နှင့် စိုက်ပျိုးရေးလုပ်ငန်းညှိနှိုင်းမှုအဖွဲ့များမှတစ်ဆင့် တင်ပြလာပါက ဆောင်ရွက်ပေးလျက်ရှိပါတယ်ဆိုတဲ့အပိုင်းကို ကျွန်တော်တင်ပြထားပါတယ်။ ဒါကြောင့် အကယ်၍ များ ကျန်ရှိခဲ့သည်ရှိသော် အခု ကျွန်တော်တင်ပြထားတဲ့အတိုင်း ပြန်လည်တင်ပြနိုင်ပါတယ်။ ဒီအပေါ်မှာ ကျွန်တော်တို့ ပြန်ပြီးတော့ စဉ်းစားဆောင်ရွက်ပေးနိုင်ပါတယ်ဆိုတဲ့အကြောင်း ကျွန်တော်တင်ပြလိုပါတယ်။

**ဦးမြင့်ဦး(သနပ်ပင်မဲဆန္ဒနယ်)**။ ။ စာရင်းအကျန်များကို တင်ပြလာတဲ့အခါမှာ စိစစ်ပြီးတော့ ဆောင်ရွက်ပေးမယ်ဆိုလို့ရှိရင်တော့ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ကနေပြီးတော့ စောင့်ကြည့်ပြီးတော့ မှတ်တမ်းတင်တဲ့ဟာကို လက်ခံနိုင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးမြင့်ဦး တင်သွင်းသွားတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်များနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်တို့က ဆွေးနွေးသွားပါတယ်။ ဒီအဆိုနှင့်စပ်လျဉ်းပြီး လွှတ်တော်ရဲ့ အဆုံးအဖြတ် တစ်ပါတည်းရယူမှာဖြစ်ပါတယ်။ ဦးမြင့်ဦးတင်သွင်းတဲ့အဆိုကို မှတ်တမ်းတင်ထားရှိပြီး လွှတ်တော်က စောင့်ကြည့်သွားမယ်ဆိုတဲ့ ဦးမြင့်ဦးရဲ့ထပ်မံအဆိုပြုချက်ကို လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**မူကြမ်း**

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူသူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် သနပ်ပင် မဲဆန္ဒနယ်မှ ဦးမြင့်ဦးတင်သွင်းတဲ့အဆိုကို လွှတ်တော်က မှတ်တမ်းတင်စောင့်ကြည့်မှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဦးသိန်းညွန့်၊ သဃ်န်းကျွန်းမဲဆန္ဒနယ်ကတင်သွင်းသည့် ၁၉၆၁ ခုနှစ်၊ ပြစ်မှုကျူးလွန်တတ်သူများ ခြေချုပ်နှင့်ခံဝန်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးသိန်းညွန့်၊ သဃ်န်းကျွန်းမဲဆန္ဒနယ်ကတင်သွင်းသော ၁၉၆၁ ခုနှစ်၊ ပြစ်မှုကျူးလွန်တတ်သူများ၊ ခြေချုပ်နှင့်ခံဝန်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပထမအကြိမ်ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပဉ္စမနေ့ ၁၈.၉.၂၀၁၄ ရက်နေ့တွင် ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်းများ ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီဥပဒေကြမ်းနဲ့စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိတို့ပြင်ဆင်လို တဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၂၃.၉.၂၀၁၄ ရက်နေ့ နောက်ဆုံးထားပြီး အမည်စာရင်းပေးသွင်းရန် တောင်းခံခဲ့ပြီးလည်းဖြစ်ပါတယ်။ ယနေ့ထိ ပြင်ဆင်ချက်အဆို တင်သွင်းလာတဲ့ ကိုယ်စားလှယ်တစ်ဦးမျှမရှိပါ။ ဒါကြောင့် ၁၉၆၁ ခုနှစ်၊ ပြစ်မှု ကျူးလွန်တတ်သူများ ခြေချုပ်နှင့်ခံဝန်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနဲ့စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့အစီရင်ခံစာ တင်ပြ ချက်အတိုင်း ပြင်ဆင်ချက်ဖြင့်အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူ မရှိတဲ့အတွက် ၁၉၆၁ ခုနှစ်၊ ပြစ်မှုကျူးလွန်တတ်သူများ ခြေချုပ်နှင့်ခံဝန်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာ တင်ပြချက်အတိုင်း ပြင်ဆင်ချက်ဖြင့် အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၃)ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ်ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၃) ရက်မြောက်နေ့ ရပ်နားပါမယ်။ ပထမအကြိမ်ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၄) ရက်မြောက်နေ့ကို ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၂ ရက် (ကြာသပတေးနေ့) ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့အစည်းအဝေး ပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၅၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

**[ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ ကို ၁၁း၅၅နာရီအချိန်တွင် ရပ်နားပါသည်။]**